တက္ကသိုလ်

# သီဟအောင်

# အာဂနယ်စားလေး

ဝမ်အင်း၏ ကို့တောင်း

ပ+ဒ
ဇာတ်သိမ်း



| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၇၄ / ၂၀၀၂ ( ၂ ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၆၈ / ၂၀၀၂ ( ၅ ) |
| ထုတ်ဝေကာလ | ၂၀၀၂ ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| ထုတ်ဝေသူ | ဦးညွန့်ရွှေ<br>စိန်ယှဉ်းမြိုင်စာပေ<br>၂၃-A ၊ ဦးကောင်းလမ်း၊<br>ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း<br>လှသိန်းဦး-ပုံနှိပ်တိုက်၊<br>၁၂/ဒါနလမ်း၊ သာယာကုန်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြဲ ၀၂၄၃၁)<br>နေလရောင် အော့ဖ်ဆက်<br>၉၆/ခ၊ ၁၁-လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |


## တက္ကသိုလ်သီဟအောင်

# အာဂ နယ်စားလေး

( ပ + ဒု ဇာတ်သိမ်း )

၂ - အုပ်တွဲ သိုင်းစာစဉ်

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုးအဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

တက္ကသိုလ်သီဟအောင်

# အာဂနယ်စားလေး

(ပ/ဒု)

# အရိုက်အရာ

ထိုလူ့လောကတွင်ဝမ်းနည်းကြေကွဲစရာ အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။

ဥာဏ်ပညာ အမြော်အမြင်ကြီးမားသော လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသော အများပြည်သူအပေါင်း ချစ်ခင်ရိုသေကြသော ထိပ်သီးသိုင်းသမားကြီးတစ်ဦးလည်းဖြစ်သော တောင်ပိုင်းနယ်စားကြီး ကျင်းဖိုးချီ ကွယ်လွန်သွားခြင်းကြောင့် ဖြစ်လေသည်။

နယ်စားကြီးကျင်းဖိုးချီသည် သိုင်းလောကအကျိုး၊ အများအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ခဲ့သည်။ နယ်ခြားဒေသမှ ကျူးကျော်သူများကို ရှပ်ရှပ်ချချ တော်လှန်ခဲ့သည်။

ရန်သူအပေါင်းသည် နယ်စားကြီး ရှိနေသမျှကာလပတ်လုံး တရုတ်ပြည်ကြီးအား ကျူးကျော်ဖို့ မစဉ်းစားဝံ့ပါဟု ထုတ်ဖော်ပြောဆိုသည့်အထိဖြစ်လေသည်။

နယ်စားကြီးအား မိတ်ဆွေများသာမက ရန်သူများကပါ ကြည်ညိုလေးစားခဲ့ကြလေသည်။

ဘုရင်မင်းမြတ်ကိုယ်တိုင်လည်း နေပြည်တော်မှ အလှမ်းကွာဝေးပြီး နယ်ခြားဒေသနှင့်ထိစပ်လျက်မ်သော တောင်ပိုင်းနယ်မြေတွင် နယ်စားကြီးကျင်းဖိုးချီအား မိမိသဘောဖြင့် စီမံအုပ်ချုပ်နိုင်ရန် အာဏာကုန်လွှဲအပ်ထားသည်အထိ ယုံကြည်စိတ်ချတော်မူလေသည်။

တောင်ပိုင်းနယ်စားကြီးကွယ်လွန်သွားခြင်းသည် အစားထိုး၍ မရနိုင်သော ဆုံးရှုံးမှုကြီးတစ်ခုလည်းဖြစ်လေသည်။

လူတိုင်းလူတိုင်းသည် နယ်စားကြီး ကွယ်လွန်သွားသည့်အတွက် ယူကြုံးမရဖြစ်ရလေသည်။

နယ်စားကြီးနှင့်ပတ်သက်ပြီး ဝမ်းနည်းခြင်းလည်းမရှိ၊ ဝမ်းသာခြင်းလည်းမရှိ၊ မည်သို့မျှ မခံစားရပါဟုဆိုသူ မရှိနိုင်ဟု ဆိုနိုင်အောင်လည်း ထိုသို့သော လူမျိုးတစ်ယောက်ကား ရှိနေပါသေးသည်။

ထိုလူမှာ နယ်စားကြီး၏သားတော် မင်းသားလေး ကျင်းလီဖြစ်လေသည်။



နယ်စားကြီး ကွယ်လွန်သွားသောအခါ ဘုရင်မင်းမြတ်သည် နယ်စားကြီး အမှုတော် ထမ်းရွက်ခဲ့သည်များကို နှစ်ထောင်းအားရရှိတော်မူခဲ့သည့်အားလျော်စွာ နယ်စားကြီး၏ မျိုးဆက်များအပေါ် ချီးမြှင့် မြှောက်စားခဲ့လေသည်။

သို့သော်...

အသက် ဆယ့်ကိုးနှစ်သာ ရှိသေးသော မင်းသားလေး ကျင်းလီသည် ဖခင်၏ အရိုက်အရာကို ဆက်ခံကာ နယ်စားကြီး ဖြစ်လာခဲ့ရလေတော့သည်။

နယ်စားကြီး ကျင်းဖိုးချီ ကွယ်လွန်သွားခဲ့သည်မှာဆေးဆယ့်ကိုးရက်ပြည့်မြောက်သွားပြီဖြစ်လေသည်။

မင်းသားလေး ကျင်းလီသည် ဖခင်ဖြစ်သူ၏အုတ်ဂူသို့ သွားရောက်ရှိခိုးကန်တော့ပြီး အိမ်ပြန်လာခဲ့လေသည်။

ယခုဆိုလျှင် နေပြည်တော်မှ အမိန့်ထုတ်ပြန်ခဲ့ပြီဖြစ်၍ မင်းသားလေး ကျင်းလီသည် တောင်ပိုင်းနယ်စားကြီးဟူသော ဖခင်၏ အရိုက်အရာကို ဆက်ခံနိုင်ခဲ့ပြီ ဖြစ်သည်။

မည်သူမဆို နယ်စားကြီးတစ်ယောက်အဖြစ် အရိုအသေပြုကာ ဆက်ဆံရတော့မည် ဖြစ်သည်။

တောင်ပိုင်းနယ်အတွင်းရှိ များပြားလှသော မြို့စားရွာစားများ၏ ဦးညွတ်မှု အခွန်တဏ္ဍာဆက်သမှု ခံယူရတော့မည်ဖြစ်သည်။

မင်းသားလေး ကျင်းလီ၏အသက်မှာ အလွန်ငယ်ရွယ်ပြီး ရာထူးကား ကြီးမားလှပေတော့သည်။

နယ်စားကြီးတစ်ယောက်၏ အဆောင် အယောင်အတိုင်း သွားလာနေထိုင်ရတော့မည်ဖြစ်ရကား ဖခင်၏ အုတ်ဂူကိုသွားရောက်ကန်တော့သောအခါ နယ်စားလက်ရွေးစင်တပ်ဖွဲ့ဝင်များ အခြွေအရံများ နယ်စားကြီးအနီးမှ ခံစားရသော အတိုင်ပင်ခံများ စသည် စသည့် အဆောင်အယောင်များဖြင့် တစ်ခမ်းတနား လှမ်းခဲ့ရခြင်း ဖြစ်ပါတော့သည်။

မင်းသားလေး ကျင်းလီသည် ဖခင်အုတ်ဂူသို့အသွား ခရီး၌လည်းကောင်း အပြန်ခရီး၌လည်းကောင်း ပွဲလမ်းသဘင်တစ်ခုသို့ သွားလာရသည့်အလား ရှိနေသည်ကို ရယ်မောမိလာသည်။

ဤတွင် နယ်စားကြီး ကျင်းဖုံးချီ၏ လက်ထက်ကတည်းက အမှုထမ်းခဲ့သော အတိုင်ပင်ခံဘိုးဘိုး စန်းစီးက သတိပေးခဲ့လေသည်။

"နယ်စားကြီး၊ ခုအချိန်မှာ အားလုံးဝမ်းနည်းကြေကွဲနေကြပါတယ်၊ နယ်စားကြီးအခုနန့် ရယ်မောဖို့မသင့်ပါဘူး၊ ပြီးတော့ နယ်စားကြီးရဲ့ ဖခင် ကွယ်လွန်သွားခဲ့တဲ့ ကိစ္စပဲ မဟုတ်လား"



မင်းသားလေး ကျင်းလီ ဘာမှမပြောပါ။ ရယ်လည်းမရယ်တော့ပါ။ ဖခင် လက်ရုံးတစ်ဆူအဖြစ် အားထားရသော အတိုင်ပင်ခံ ဘိုးဘိုး စန်းစီး၏ စကားကို နားထောင်လိုက်၍ စန်းစီ ကျေနပ်သွားသည်။

သို့သော် အပြန်ခရီး၌ကား စန်းစီ အံ့ခက်ကြုံရတော့သည်၊ သင်္ချိုင်းကန်တော့ပွဲ ပြီးဆုံးသွားလျှင် အားလုံး နယ်စားဂေဟာ ပြန်ရန် ပြင်ဆင်ကြလေသည်။

နယ်စားကြီး ကျင်းဖုံးချီ၏ ချပ်ကလာပ်ကို ဗျိုင်းဝါတောင် ပေါ်၌ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ခြင်း ဖြစ်သည်၊

ဗျိုင်းဝါတောင်သည် ကျင်းဖုံးချီ သိုင်းပညာလေ့ကျင့်ခဲ့သည့် တောင်ဖြစ်ပြီး လွန်စွာမှပင် သာယာလှပလေသည်။

ကျင်းဖုံးချီသည် သူကွယ်လွန်သွားလျှင် သူ၏ရုပ်ကလာပ်အား ဗျိုင်းဝါတောင်၌ မြှုပ်နှံရန် မှာကြားခဲ့သဖြင့် ကျင်းဖုံးချီ၏ ဆန္ဒအတိုင်း မြှုပ်နှံပေးခဲ့ရခြင်း ဖြစ်လေသည်။

တောင်ပိုင်းနယ်သည် အလွန်သာယာလှပသော နယ်မြေတစ်ခု ဖြစ်သည့်အလျောက် ဗျိုင်းဝါတောင်မှ နယ်စားဂေဟာသို့ သွားသည့် လမ်းခရီးတစ်လျှောက်မှာလည်း သာယာလှပနေပါတော့သည်။

မင်းသားလေး ကျင်းလီ ထိုအပြန်ခရီးတွင် သာယာလှပသော မြက်ခင်းကြီး တစ်ခုအနီးသို့ ရောက်ရှိလာသောအခါ

အတိုင်ပင်ခံဘိုးဘိုး စန်းစီ ခေါင်းခဲရမည့်အဖြစ်နှင့် ကြုံတွေ့ရလေတော့သည်။

'ဟေး'

မင်းသားလေး ကျင်းလီက အော်ဟောက်ကာ မြင်းကို ရပ်တန့်လိုက်ခြင်း ဖြစ်လေသည်။

'နယ်စားလေး ဘာများဖြစ်လို့လဲ'

အနီးကပ်လိုက်ပါလာသော စန်းစီးက အလောတကြီး မေးလိုက်စဉ်...

ကိုယ်ရံတော်တပ်ဖွဲ့သည်လည်း ချက်ချင်းရပ်တန့်လိုက်ကြပြီး အန္တရာယ်ပေါ်ပေါက်လာလျှင် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

မင်းသားလေး ကျင်းလီက စန်းစီး၏အမေးကို မဖြေဘဲ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

'သည်လောက် သာယာလှပတဲ့ ပတ်ဝန်းကျင်မှာ လွတ်လွတ်လပ်လပ် အနားယူလိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ'

စန်းစီးဘက်သို့လှည့်ကာ ပြုံးပြလိုက်လေသည်။

'ဘဘ၊ ကျွန်တော် ဒီမှာခဏနေဦးမယ်၊ ဘဘတို့ အရင်ပြန်နှင့်ကြပါ'

'ဟင်'

စန်းစီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။



မင်းသားလေး ကျင်းလီက ဘာကိုမျှ ဂရုမစိုက်တော့ဘဲ မြင်းပေါ်မှ လျှောခနဲခုန်ဆင်းကာ မလှမ်းမကမ်းရှိ ရေကန်ကြီးဆီသို့ ဦးတည်လျှောက်သွားလိုက်လေသည်။

'နယ်စားလေး'

စန်းစီးလည်း ကပျာကယာ မြင်းပေါ်မှဆင်းကာ ပြေးလိုက်သွားရလေသည်။

မင်းသားလေး ကျင်းလီက ရေကန်ကြီးအအနီးသို့ ရောက်လျှင် လက်နှစ်ဖက်ဆန့်တန်းကာ ကန်ရေပြင်အား ဖြတ်သန်းတိုက်ခတ်လာသည့် အေးမြလတ်ဆတ်သော လေပြည်ကို အားရပါးရ ရှူရှိုက်လိုက်လေသည်။

'နယ်စားလေး'

စန်းစီးက အနီးသို့ရောက်ရှိလာသောအခါ မင်းသားလေး ကျင်းလီက လှည့်ကြည့်လိုက်သည်။

တစ်ဖန် လက်နှစ်ဖက်ကို နောက်ပစ်ကာ မလှမ်းမကမ်းရှိ သစ်ပင်ကြီး တစ်ပင်အောက်သို့ လျှောက်သွားလိုက်လေသည်။

စန်းစီးလည်း လိုက်သွားလေသည်။

'နယ်စားလေး ဘယ်လိုလုပ်လိုက်တာလဲ၊ နယ်စားဂေဟာကို ပြန်ကြမယ်၊ သည်ကနေ့ ဧည့်သည်တွေရောက်လာလိမ့်မယ်၊ နယ်စားလေး သူတို့နဲ့တွေ့ရဦးမယ်'

မင်းသားလေး ကျင်းလီ ခေါင်းခါယမ်းသိုက်လေသည်။

'သည်နေ့ ဘာနေ့လဲဆိုတာ ဘဘ သိပါတယ်၊ ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ ဒီကိစ္စတွေကို ဘဘပဲ တာဝန်ယူလိုက်ပါ'

'ဟာ...ဘယ်ဖြစ်မလဲ၊ နယ်စားလေး ကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်ရမယ့် ကိစ္စတွေ ပါဝင်လာနိုင်တယ် နယ်စားလေး အိမ်ပြန်တာအကောင်းဆုံးပါပဲ'

မင်းသားလေးကျင်းလီ ခေါင်းခါယမ်းလိုက်လေ၏။

'ဒါတွေ ကျွန်တော်နားမလည်ဘူး၊ ဘဘကသာ တော်မယ်ထင်သလို ကြည့်လုပ်လိုက်ပါ၊ ကျွန်တော်ဟောဒီရေကန်မှာ အနားယူလိုက်ဦးမယ်၊ အနားယူလို့အားရမှ ပြန်လာခဲ့တော့မယ်'

'နယ်စားလေး'

စန်းစီး၏အသံ အနည်းငယ်မာသွားလေသည်။

မင်းသားလေးကျင်းလီကလည်း မျက်မှောင်ကြုတ်ကာစိုက်ကြည့်လိုက်လေသည်။

စန်းစီသည် သက်ပြင်းချလိုက်သည်။

'မင်းသားလေး၊ ဒီနေ့ဟာ နယ်စားကြီး ကွယ်လွန်သွားလို့ လေးဆယ့်ကိုးရက် ပြည့်တဲ့နေ့ပါ၊ နယ်စားကြီး အတွက် အားလုံး ဝမ်းနည်းကြေကွဲနေကြပါတယ်၊ နယ်စားလေး အိမ်ပြန်ပြီး ဖခင်အတွက် ဆုတောင်းဝတ်ပြုရဦးမှာ ဖြစ်ပါတယ်'

'ဟား ဟား ဟား'



မင်းသားလေးကျင်းလီက တားတိုက် ရယ်မောလိုက်လေသည်။

စန်းစီး ကြောင်အမ်းအမ်းဖြစ်သွားရပြန်သည်။

လူတိုင်းစိတ်နှလုံး ညှိုးချုံးနေရသည့်အချိန်တွင် မင်းသားလေးကျင်းလီက ဟက်ဟက်ပက်ပက် ရယ်မောနိုင်နေ၏။

'နယ်စားလေး'

စန်းစီးက အလန့်တကြားခေါ်ရင်း ရှေ့တိုးလိုက်သောအခါ မင်းသားလေးကျင်းလီက လက်ကာပြလိုက်လေသည်။

'ဘဘ...လူတစ်ယောက် သေသွားတယ်ဆိုရင် ကျန်တဲ့လူတွေတစ်ချိန်လုံး ဝမ်းနည်းပူဆွေးနေကြရမှာပဲလား'

'ဟင်'

'လူဆိုတာ သေမျိုးပဲမဟုတ်လား၊ ကြီးသူ၊ ငယ်သူမရွေး အချိန်တန်ရင် သေရမှာပဲ၊ သေသွားတယ်ဆိုတဲ့ကိစ္စဟာ ဆန်းတာမှမဟုတ်တာ၊ လူတိုင်းကြုံတွေ့ရမယ့်ကိစ္စပဲမဟုတ်လား'

'နယ်စားလေး၊ ဘာတွေလျှောက်ပြောနေတာလဲ'

စန်းစီး အလန့်တကြားပြောလေသည်။

'တခြားလူတစ်ယောက်ယောက် သေဆုံးသွားတုန်းက ကျွန်တော်တို့ဘာများဖြစ်ခဲ့ကြလို့လဲ၊ ဖေဖေသေသွားတော့မှ ပူဆွေးနေရမယ်ဆိုရင် သူများတွေရယ်စရာ ဖြစ်နေမှာပေါ့၊ ဖေဖေ့အတွက်အားလုံးက ဝိုင်းပြီး ပူဆွေးနေကြရမယ်ဆိုရင် ပိုပြီးတောင်ရယ်စရာကောင်းနေဦးမယ်'

'နယ်စားလေး'

စန်းစီး၏အသံ တုန်တုန်ယင်ယင် ဖြစ်လာလေတော့၏။

မင်းသားလေးကျင်းလီ ရယ်မောလိုက်ပြန်သည်။

'ဘဘ....အိမ်ပြန်ပါ၊ ဖေဖေ့အတွက် ဝတ်ပြုဆုတောင်းပွဲ လုပ်မယ့်လူတွေကို အခြားအရေးကြီးတဲ့ကိစ္စတွေ လုပ်ကြပါလို့ ပြောလိုက်ပါ၊ ကျွန်တော်ဒီမှာ အေးအေးဆေးဆေးအနားယူ လိုက်ဦးမယ်'

စကားဆုံးလျှင် သစ်ပင်အောက်၌ ထိုင်ချပြီး မျက်လုံးမှိတ် ထားလိုက်လေသည်။

'နယ်စားလေး'

စန်းစီးက ခေါ်လိုက်သော်လည်း မင်းသားလေး ကျင်းလီ က တုတ်တုတ်မျှ မလှုပ်တော့ချေ။

စန်းစီး အကြီးအကျယ် စိတ်ပျက်သွားလေတော့၏။

## ပလွေရှင်

ကန်ရေပြင်အား ဖြတ်သန်းတိုက်ခတ်လာသော လေပြည် အား အေးမြ လတ်ဆတ်သလို ကြာပန်းရနံ့များ သယ်ဆောင် လာသဖြင့် မွှေးကြိုင် သင်းပျံ့နေလေသည်။

မင်းသားလေး ကျင်းလီသည် ကန်စပ်မှ သစ်ပင်ကြီးကို ကျောမှီကာ အေးအေးဆေးဆေးထိုင်ပြီး အနားယူနေ၏။

စန်းစီးသည် မင်းသားလေး ကျင်းလီအား မည်သို့မျှ ဖျောင်းဖျ၍ ရခတော့မည်မဟုတ်ကြောင်း သဘောပေါက်ထား လေသည်။

ထို့ကြောင့် ဦးညွှတ်ဂါရဝပြုလိုက်သည်။

'နယ်စားလေး နယ်စားဂေဟာမှာ ရောက်နေတဲ့ညီ့သည်တွေအတွက် စိစဥ်ပြီးတာနဲ့ ကျုပ် ချက်ချင်း ပြန်လာခဲ့ပါမယ်၊ နယ်စားလေး ဘယ်မှမသွားပါနဲ့ ဒီမှာပဲနေပါနော်'

မင်းသားလေး ကျင်းလီသည် စန်းစီးအား တစ်ချက်မျက်လုံးလှန်ကြည့်ပြီး မျက်လုံးပြန်မှိတ်ထားလိုက်လေသည်၊

စန်းစီးသည် ချာခနဲလှည့်ကာ ထွက်သွားသည်၊

ကိုယ်ရံတော်တပ်ဖွဲ့ဝင်များအား မင်းသားလေး ကျင်းလီ၏ လုံခြုံရေးအတွက် အစောင့်ချထားပြီး လိုအပ်သည့်လူများကို ခေါ်ဆောင်ကာ ထွက်ခွာသွားလေတော့သည်၊

စန်းစီးတို့အုပ်စု ထွက်သွားကြပြီဖြစ်လေသည်၊

မင်းသားလေး ကျင်းလီသည် သစ်ပင်ကို ကျောမှီကာ အေးအေးလူလူ ထိုင်နေဆဲ၊

နယ်စားကြီး အရိုက်အရာ ဆက်ခံသောသူတစ်ယောက်နှင့် မတူဘဲ အပူအပင် ကင်းမဲ့သော လူငယ်လေးတစ်ယောက်နှင့်တူနေပါတော့သည်၊



ကိုယ်ရံတော် တပ်ဖွဲ့သည် မလှမ်းမကမ်းတွင် စီတန်းကာ ရပ်နေကြသည်မှာ ကျောက်ရုပ်များချထားသည်နှင့်ပင် တူနေပါသည်။

မင်းသားလေး ကျင်းလီကထိုင်ရာမှ မထဘဲ ချင်းနယ်စားဂေဟာသို့ မပြန်မချင်း သည်အတိုင်း မလှုပ်မယှက် ရပ်နေကြလိမ့်မည်သာ ဖြစ်လေသည်၊

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်၊ နေမွန်းလွဲတော့မည်ဖြစ်လေသည်၊

ကိုယ်ရံတော်များသည် မလှုပ်မယှက်ရှိနေဆဲ၊

ရုတ်တရက်....

အဝေးမှ ချိုလွင်သာယာသောပလွေသံများထွက်ပေါ်လာလေသည်။

မင်းသားလေးကျင်းလီ မျက်လုံးပွင့်လာလေသည်၊

'တယ်လဲ သာယာပါလား'

တီးတိုးချီးကျူးကာ လှမ်းကြည့်လိုက်လေသည်၊

မှန်ပေသည်၊

ပလွေသံမှာ ချိုလွင် သာယာလှသည့် ကြားရသူအပေါင်း၏ ရင်ထဲ အေးမြလန်းဆန်းသွားနိုင်လောက်ပေသည်၊

သို့သော်....

ကိုယ်ရံတော်များက မလှုပ်မယှက်ရပ်နေကြဆဲ၊

မင်းသားလေးကျင်းလီအား ကာကွယ်စောင့်ရှောက်ဖို့မှလွဲပြီး ဘာကိစ္စကိုမှ ဂရုစိုက်ပုံမရချေ၊

စိတ်ဝင်းစားနေသူကား မင်းသားလေးကျင်းလီဖြစ်လေ၏။ ကျင်းလီသည် တိုင်ရာမှထကာ ပလွေသံထွက်လာရာဆီသို့ လှမ်းမျှော်ကြည့်နေသည်။

ပလွေသံသည် ကန်ရေပြင်ကို ဖြတ်သန်းကိုက်ခတ်လာသည့် လေပြည်လေညှင်းနှင့်အတူ လွင့်မျောလာခြင်းဖြစ်လေသည်။

ပလွေသံသည် ကန်ရေပြင်တစ်ဖက်မှ ထွက်ပေါ်လာသည်ဟူ ထင်ရလေသည်။

ထိုစဉ်..

ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာပြန်သည်ကို တွေ့ရလေသည်။

ကန်ရေပြင်၌ လှေကလေးတစ်စင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုလှေကလေးအား ခမောက်ဆောင်းထားသူတစ်ယောက်က လှော်ခတ်လာခြင်းဖြစ်သည်။

လှေလှော်ခတ်ပုံမှာလည်း ထူးခြားလှသည်။

လက်ဖြင့် လှော်ခတ်ခြင်းမဟုတ်ဘဲ ခြေထောက်ဖြင့် လှော်ခတ်လာခြင်းဖြစ်ပါသည်။

သူ၏လက်ထဲ၌ ပလွေတစ်ချောင်းကိုင်ထားပြီး သာယာငြိမ့်ညောင်းသော တေးသွားအလိုက်ကို မှုတ်နေခြင်းဖြစ်ပါတော့သည်။

လှေကလေးသည် ကျင်းလီတို့နှင့် ပါးတစ်ရိုက်ခန့်အကွာသို့ ရောက်ရှိလာလေသည်။



ကျင်းလီ ပြုံးလိုက်သည်။

'ပလွေသံနားထောင်ရင်း အပျော်စီးရရင် ကောင်းမယ်'

ယခုတစ်ကြိမ် ကိုယ်ရံတော်များ လှုပ်လှုပ်ရှားရှားဖြစ်သွားလေတော့သည်။

ကျင်းလီအကြောင်းကို အားလုံးက သိထားကြသည် မဟုတ်လား။

ထိုအချိန်မှာပင်....

'ဟူး'

ကျင်းလီသည် ငှက်ကလေးတစ်ကောင်ပမာ ခုန်ထွက်သွားလေသည်။

'နယ်စားလေး'

ကိုယ်ရံတော်များ ချက်ချင်းပြေးထွက်လာကြလေသည်။

သို့သော်....

ကျင်းလီကို ဟန့်တားချိန်မရတော့ပါချေ။

ကျင်းလီသည် ကေနန်ထဲသို့ရောက်သွားပြီဖြစ်ပါ၏။ ကျင်းလီသည် လေထဲ၌ ကျွမ်းသုံးလေးပတ်မျှ ထိုးလိုက်လျှင် လေထုကိုထိုးခွဲကာ ရေပြင်ကိုဖြတ်ကျော်၍ လှော်ခတ်လာနေသည့် လှေကလေးပေါ်သို့ ရောက်ရှိသွားတော့သည်။

သူသည် လှေပေါ်သို့ခုန်ဆင်းလိုက်သော်လည်း လှေကလေးမှာ လှုပ်ရှားသွားခြင်းမရှိပါချေ။

လူတစ်ယောက် လှေပေါ် ရောက်လာသည်ဟုပင် မထင်ရချေ။

ပလွေသံတိတ်ဆိတ်သွားလေသည်။

လှေငယ်ရှင်သည် သူ့ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

'ခင်ဗျား မဆိုးဘူး'

ထိုလူသည် ကမ်းစပ်ဆီသို့လှမ်းကြည့်လိုက်သည်။

'ဟိုဘက်ကမ်းမှာ လူစုလူဝေးနဲ့ဘာဖြစ်နေတာလဲဗျ'

'အရှုး-တွလေ'

'ဩော်'

ကျောင်းလီက ရယ်မောကာ ပြောလိုက်သည်။

'ခင်ဗျားရဲ့ ပလွေသံက တယ်နားထောင်လို့ကောင်းတာပဲ၊ ကျုပ်ကို တစ်ပုဒ်လောက် မှုတ်ပြပါလား'

အမြောက်ကောင်းတော့ သူကလည်း ရယ်မောလိုက်လေသည်။

'ကျုပ်ရဲ့ ပလွေသံကို ချီးကျူးတာ ခင်ဗျားတစ်ယောက်ပဲ ရှိသေးတယ်၊ ကဲ နားထောင်ချင်တယ်ဆိုရင်လည်း ရပါတယ်ဗျာ'

လှော်တက်ကို အေးချကာ လှေပဲ့ပိုင်းတွင် ထိုင်ချလိုက်လေသည်။

ငြိမ့်ညောင်းသာယာသော ပလွေသံများ ထွက်ပေါ်လာလေသည်။



လှေကလေးသည် ရေကန်ထဲ၌လှော်ခတ်စရာမလိုပဲ စီးမျောသွားရာ ကမ်းစပ်နှင့် တစ်စထက်တစ်စ ဝေးသွားလေသည်။

ကိုယ်ရံတော်များကား ဆူညံစွာ အော်ဟစ်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

လှေကလေးသည် ရေစီးအတိုင်း ရွှေလျားသွားလေသည်။

ရေကန်မှာ အလျားငါးမိုင်ခန့် အနံ နှစ်မိုင်ခန့်ရှိသော ရေကန်ကြီး ဖြစ်လေသည်။

ပတ်ဝန်းကျင်ရှိ တောင်ကုန်းများ တောင်ကျချောင်းများမှ ရေများစီးဝင်လာပြီး ရေကန်တောင်ပိုင်းတွင် ချောင်းငယ်မြောင်းငယ်များအဖြစ် ပြန်လည်စီးဆင်းသွားလေသည်။

ရေကန်ထဲမှ ရေမှာ ရေသေမဟုတ်ပဲရေရှင်ဖြစ်နေ၍ အမြဲကြည်လင် စိမ်းလန်းကာ သန့်ရှင်းနေပါတော့သည်။

လှေငယ်ရှင်သည် လှေကိုလှော်ခတ်ခြင်းမပြုဘဲ ပလွေကိုစိတ်ပါလက်ပါ မှုတ်နေသည်။

ပလွေသံမှာ သာယာငြိမ့်ညောင်းလှပြီး ကြားရသူအပေါင်း စိတ်ထဲ ကြည်လင် အေးမြလာအောင် စွမ်းဆောင်နိုင်ပါတော့သည်။

ကျင်းလီသည် ပလွေသံကို မျက်လုံးမှိတ်၍ ငြိမ်သက်စွာနားထောင်၍ နားဆင်နေလေသည်။

လှေကလေးမှာ ထရွေ့ရွေ့မျောပါသွားပြီး ရောင်စုံပန်းကလေးများ ပွင့်လန်းနေသည့် ကမ်းစပ်တစ်ခုအနီးသို့ ရောက်ရှိလာ၏။

လှေငယ်ရှင် ပလွေသံ တေးသွားအလိုက်လည်း ပြီးဆုံးသွားသည်။

လှေငယ်ရှင်က ကျင်းလီကို မေးလိုက်သည်။

'နားထောင်လို့ ကောင်းရဲ့လားဗျ'

ကျင်းလီ ရယ်မောလိုက်လေသည်။

'သည်လောက်သာယာတဲ့ပလွေသံမျိုး ကျုပ်တစ်ခါမှမကြားဖူးဘူး၊ ဒါပထမဆုံးအကြိမ် နားထောင်ရတာပဲ၊ ခင်ဗျားကို ကျေးဇူးတင်တယ် ရှေ့'

ထိုနောက် လက်သူကြွယ်၌ စွပ်ထားသော ကျောက်စိမ်းလက်စွပ်ကိုချွတ်ကာ ပေးလိုက်လေသည်။

'လှေငယ်ရှင် အံ့သြသွားသည်။

'ဒါ ဘာလုပ်တာလဲဗျ'

'ဆုချီးမြှင့်တာလေ'

'ဩော်'

လှေငယ်ရှင်သည် လက်စွပ်ကို လက်မခံပါချေ။



'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ် ဆုလာဘ်ကို မမက်မောပါဘူး၊ ကျုပ်ရဲ့ပလွေသံကို ချီးကျူးတာပဲ ကျေးဇူးတင်လှပါပြီ၊ ခင်ဗျားက ပလွေသံကို တကယ်ပဲ နှစ်သက်သဘောကျရင် ကျုပ်ထက် လက်ရာမြောက်တဲ့ ပလွေရှင်တစ်ယောက်ဆီကို ညွှန်ပြနိုင်ပါတယ်၊ သူ့ရဲ့ပလွေသံကိုသာ နားထောင်လိုက်မယ်ဆိုရင် ခင်ဗျား လောကကြီး တစ်ခုလုံးကို မေ့သွားမှာပဲ'

'ဒါ တကယ်ပဲလား'

ကျင်းလီ လှုပ်လှုပ်ရှားရှား ဖြစ်လေသည်။

လှေငယ်ရှင် ခေါင်းညိတ်လိုက်သည်။

'တကယ်ပြောတာပေါ့ဗျာ'

'ဒါပေါ့ ကျုပ်ကို လမ်းညွှန်ပေးစမ်းပါ၊ ခင်ဗျားရဲ့ ကျေးဇူးမမေ့ပါဘူး'

'ကိစ္စမရှိပါဘူး၊ ကျုပ်ကိုယ်တိုင်ကလည်း ပလွေပညာကို နှစ်ခြိုက်ခုံမင်တော့ ခုလို ဝါသနာတူချင်း လာတွေ့တာကိုပဲ ကျေနပ်နေတာပါ၊ ခင်ဗျား သေသေချာချာ မှတ်ထားပါ'

'စင်ကျန်းခရိုင်မှာ ချူးကျန့်ဂိုဏ်းဆိုတဲ့ ဆိုင်းအဖွဲ့အစည်းတစ်ခုရှိတယ်၊ ချူးကျန့်ဂိုဏ်းက သခင်မလေးရဲ့ ပလွေသံဟာ လောကကြီးမှာ ပြိုင်ဘက်ကင်းတယ်၊ ခုချိန်ထိ သူ့ရဲ့ ပလွေသံ တေးသွားအလိုက်တစ်ခုဆုံးအောင် နားထောင်ဖူးတဲ့လူ ဆယ်ယောက်မပြည့်သေးဘူး'

ကျင်းလီ ပြုံးလိုက်လေသည်။

'ခင်ဗျားပြောတာ အတော်ကို စိတ်ဝင်စားစရာ ကောင်းတာပဲ၊ ဆက်ပြောပါဦးဗျာ'

လှေငယ်ရှင်က ရှင်းပြသည်။

'တေးသွားအလိုက်ဆုံးအောင် နားထောင်ဖူးတဲ့လူ ဆယ်ယောက်တောင် မရှိသေးဘူးဆိုတာ ငါ ကြွားပြီးပြောတာ မဟုတ်ဘူး၊ စင်ကျန်နယ်ကိုရောက်ရင် ခင်ဗျား သိရလိမ့်မယ်၊ သခင်မလေးရဲ့ ပလွေသံဟာ ဆွဲဆောင်မှုအား ပြင်းလွန်းတယ်၊ ပလွေသံကိုနားထောင်ပြီး ရူးသွပ်သွားတဲ့လူတွေတောင် ရှိတယ်၊ ဒါကြောင့် နောက်ပိုင်း သခင်မလေးဟာ ပလွေကိုစွန့်လွှတ်ပုံတောင် ဆုံးဖြတ်ခဲ့တယ်၊ သူ့ရဲ့ပလွေသံကို နားထောင်ဖို့ မဖြစ်နိုင်တော့ဘူး'

ကျင်းလီ ခေါင်းညိတ်လိုက်သည်။

'ကျုပ်ဟာ မဖြစ်နိုင်တာကိုမှ ဖြစ်အောင်လုပ်ချင်တာ၊ မရတာကို ရအောင်ယူချင်တယ်၊ ခင်ဗျားပြောတာနဲ့ သခင်မလေးရဲ့ ပလွေသံကို တေးသွားအလိုက်ဆုံးတဲ့အထိ နားထောင်ဖို့ ကျုပ်ဆုံးဖြတ်လိုက်ပြီ'

လှေငယ်ရှင် ရယ်မောလိုက်သည်။

'ခင်ဗျားလဲ ပလွေသံကို ရူးသွပ်နေတဲ့ လူတစ်ယောက်ပဲကိုး၊ ခင်ဗျားရဲ့ဆန္ဒ ပြည့်ဝပါစေလို့ ကျုပ်ဆုတောင်းပါတယ်ဗျာ'

ကျင်းလီသည် လှေငယ်ရှင် မည်သူမည်ဝါဖြစ်သည်ကို မေးမြန်းစုံစမ်းခြင်း မပြုဘဲ...



အဘယ်ကြောင့် လူသူကင်းဝေးသော တောတောင်ထဲမှာ ရေကန်တစ်ခုဟွင် လှေတစ်စီးဖြင့် ပလွေ မှုတ်နေရသည့် အကြောင်းရင်းကိုလည်း မမေးပါ။

သူကာ ပလွေသံနားထောင်လို၍ လှေပေါ်သို့ လာခဲ့ခြင်းဖြစ်ပြီး ပလွေသံဆုံးပြီဖြစ်၍ လှေပေါ်မှဆင်းဖို့သာ ရှိတော့သည်ဟု သဘောထားသူ ဖြစ်လေသည်။

'ခင်ဗျားရဲ့ဆုတောင်း ပြည့်မှာပါဗျာ'

စကားဆုံးလျှင် ထိုင်ရာမှထကာ လှေထဲခုံတက်ပြီး ကျမ်းပစ်တိုက်လေသည်။

'ဟူး'

ကျင်းလီမှာ ရိပ်ခနဲ၊ ရိပ်ခနဲ လှုပ်ရှားသွားကာ တစ်ခဏအတွင်းမှာပင် ကမ်းစပ်ပေါ်သို့ ရောက်ရှိသွားလေတော့သည်။

အများသူငါ ဝမ်းနည်း ကြေကွဲနေချိန်တွင် ကျင်းလီမှာ ပြုံး၍ ပျော်ရွှင်နေလေသည်။

စင်ကျန်ခရိုင်၊ ချူးကျုံနိဂုံကျေးမှ သခင်မလေး၏အကြောင်း ကြားသိလိုက်ရခြင်းကြောင့် ကျေနပ်နှစ်သိမ့်နေရာ ကစားစရာ အသစ်အဆန်း ရရှိသဖြင့် ပျော်ရွှင်မြူးတူးနေသည့် ကလေးငယ် တစ်ယောက်နှင့်ပင် တူနေသေးတော့သည်။

ကျင်းလီ ကမ်းစပ်ပေါ်သို့ ခြေချပြီး မရှေးမနှောင်းမှာပင် လှေကလေးသည်လည်း အဝေးသို့ရောက်သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

ကျင်းလီက လှေကလေး ပျောက်သွားသည့်အထိ မျက်စိ တစ်ဆုံး ကြည့်နေပြီးမှ ထွက်ခွာသွားရန် နောက်လှည့်လိုက် လေသည်။

ထိုစဉ်....

'ဟူး ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူရိပ် လေးခု ရိပ်ခနဲ ရိပ်ခနဲ ရောက်ရှိလာကြလေသည်။

အနီရောင် ကိုယ်ကျပ်အင်္ကျီဝတ်ထားပြီး အသက်လေးဆယ် ကျော်ခန့်ရှိသူ လူလေးယောက် ရောက်လာကြခြင်း ဖြစ်သည်။

ထိုလူလေးယောက်သည် ချက်ချင်းပင် မြေပေါ်ဒူးထောက် ချကာ ဂါရဝပြုလိုက်ကြလေသည်။

'နယ်စားလေးကို ဂါရဝပြုပါတယ်'

သံပြိုင် ပြောလိုက်ကြလေသည်။

ကျင်းလီက လက်နှစ်ဖက် နောက်ပစ်ကာ ခေါင်းမော့ထား လိုက်သည်။

ထိုလူလေးယောက်အား မတွေ့မမြင်သည့် ပုံသဏ္ဌာန်မျိုး ရှိ နေပါတော့သည်။

ထိုလူလေးယောက်မှာ နယ်စားကြီး ကျင်းဖုံးချီ၏ လက် ထက်ကတည်းက တာဝန်ထမ်းဆောင်ခဲ့ကြသော အဆောင်ကိုင် လေးယောက် ဖြစ်သတည်း။



နယ်စားဂေဟာ လုံခြုံရေးနှင့် နယ်စားကြီး၏ လုံခြုံရေး ကိစ္စအဝဝကို အတိုင်ပင်ခံတိုးတိုးများ၏ အမိန့်အတိုင်း ဆောင် ရွက်ကြရသူများ ဖြစ်သည်။

နယ်စားကြီး ကျင်းဖုံးချီအပေါ် အလွန်သစ္စာရှိကြသူများ ဖြစ်သလို နယ်စားကြီး ကွယ်လွန်သွားသောအခါ ကျင်းလီ အပေါ် ဆက်လက်သစ္စာခံခဲ့ကြသူများ ဖြစ်လေသည်

အဆောင်ကိုင် လေးယောက်အနက် အရှေ့အဆောင်မှူး ဖြစ်သော တုံးလွှက တည်ကြည်သော မျက်နှာထားဖြင့် ပြော လေသည်။

'အပြန်ခရီးမှာ ရေကန်တစ်ခု ရောက်တော့ နယ်စားလေး အပန်းပြေအနားယူရင်း ကျွန်ရစ်ခဲ့ကယ်၊ လှေငယ်တစ်စီးနဲ့ လှေ အပျော်စီးခဲ့တယ်လို့ သိရပါတယ်၊ ခုချိန်ဆို နယ်စားလေး အပန်းပြေသွားလောက်ပြီထင်လို့ ကျုပ်တို့ လာခဲ့ကြတာပဲ ဖြစ် ပါတယ်'

ကျင်းလီ အပျင်းတစ်ချက် ဆန့်လိုက်လေသည်။

'အင်း.... ကျုပ် နည်းနည်းတော့ အပန်းပြေသွားပါပြီ'

သို့စဉ် ခြေသံများ ကျယ်လောင်စွာထွက်ပေါ်လာကာ နယ် စားဂေဟာမှ ကိုယ်ရံတော်များသည် ဝေါစင်တစ်ခုကို ထမ်း ကာ ပြေးလွှားရောက်ရှိလာကြလေသည်။

အရှေ့အဆောင်မှူး တုံးလွှက ဦးညွှတ်လိုက်သည်။

'ဝေါစင်ပေါ် ကြွပါ နယ်စားလေး'

ကျင်းလီ ဘာမျှမပြောဘဲ ဝေါစင်ပေါ် တက်လိုက်လေသည်။

ဝေါစင်ထမ်းသူများသည် ဝေါစင်လှုပ်ယမ်းသွားခြင်း မရှိရလေအောင် ဂရုစိုက်ကာ ထမ်းလိုက်ကြလေသည်။

ကိုယ်ရံတော်များက ဝဲယာအစ်မှက်တစ်ချက်မှ စီတန်းကာခြံရံလိုက်ကြသည်။

အဆောင်ကိုင်လေးယောက်က ရှေ့မှဦးဆောင်ပြီး ရေကန်ကြီးအနီးမှ ထွက်ခွာသွားကြလေတော့သည်။

အတိုင်ပင်ခံ ဘိုးဘိုးစန်းစီးသည် နယ်စားဂေဟာသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

နယ်စားကြီး အောက်မေ့ပွဲအတွက် ဝင်ပြုရန်ရောက်ရှိလာသူများအား အကြောင်းအမျိုးမျိုးပြကာ ပြန်လွှတ်လိုက်ရလေသည်။

နယ်စားဂေဟာ၌ ဧည့်သည်များ မရှိရလေအောင် စီစဉ်သကဲ့သို့ အခြားသော ဧည့်သည်များကိုလည်း နယ်စားလေးကျင်းလီ၏ကိုယ်စား ဆောင်ရွက်ပေးလိုက်လေသည်။

နယ်စားဂေဟာမှ ကိစ္စအဝဝကို စီမံဆောင်ရွက်ပေးပြီး၊ ချိန်မှာပင် ကျင်းလီအနီး၌ထားခဲ့သည့် ကိုယ်ရံတော် တပ်ဖွဲ့မှ



ကိုယ်ရံတော်တစ်ယောက် အပြေးအလွှား ရောက်ရှိလာပြီး ကျင်းလီသည် လှေငယ်တစ်စီးနှင့် လိုက်ပါသွားကြောင်း သတင်းပို့လာလေသည်။

စန်းစီး ဗျာများသွားကာ အဆောင်ကိုင် လေးယောက်အားစေလွှတ်လိုက်ရတော့သည်။

နယ်စားဂေဟာတွင် အဆောင်ကိုင်လေးယောက် ရှိသလို အတိုင်ပင်ခံ ဘိုးဘိုးလေး ယောက်ရှိလေသည်။

နယ်စားကြီးကွယ်လွန်သွားသောအခါ အတိုင်ပင်ခံဘိုးဘိုးလေးယောက် ရှိသည့်အနက် နှစ်ယောက်က တာဝန်များကိုဆက်လက်ထမ်းဆောင်ခြင်း မပြုလိုတော့ဘဲ အနားယူသွားကြလေသည်။

ကျန်အတိုင်ပင်ခံ ဘိုးဘိုးနှစ်ယောက်မှာ စန်းစီးနှင့် ရှန်းစီးဟူ၍ဖြစ်လေသည်။

ယခုဆိုလျှင် စန်းစီးနှင့်ရှန်းစီးသည် နယ်စားဂေဟာတွင် သြဇာတိက္ကမအကြီးမားဆုံး ပုဂ္ဂိုလ်များ ဖြစ်လာကြလေတော့သည်။

ကျင်းလီက နယ်စားကြီး၏အုတ်ဂူ၌ သွားရောက်ဂါရဝပြုပြီးအပြန်ခရီး၌ တစ်ပါတည်း လိုက်ပါခြင်းမရှိဘဲ ရေကန်တစ်ခု၌နေရစ်ခဲ့ရသည့် သတင်းကြောင့် ရှန်းစီး ချက်ချင်းရောက်ရှိလာလေသည်။

'နယ်စားလေးရဲ့ သတင်းကြားလို့ ကျုပ်လာခဲ့တာ၊ အင်း.... အဖေသေသွားလို့ နှစ်လတောင်မပြည့်သေးဘူး၊ ဇာတိကတော့ပြလာပြီ'

ရှန်းစီး၏ ညည်းညူသံကြောင့် စန်းစီး သက်ပြင်းချလိုက်လေသည်။

'နယ်စားလေးဟာ တဇွတ်ထိုးလုပ်တတ်တဲ့ ဥာဥ်လေးတစ်ခု ဆိုးတာပါ၊ ကျန်တာအားလုံးကောင်းပါတယ်၊ ပြီးတော့ သူဟာ အသက်နှစ်ဆယ်တောင် မပြည့်သေးတဲ့ 'လူငယ်လေးတစ်ယောက် မဟုတ်လား'

'အရွက်နဲ့မလိုက်အောင် ကြီးမားလှတဲ့ တာဝန်ဝတ္တရားတွေ ထမ်းဆောင်ရမယ်ဆိုတော့လဲ စိတ်ညစ်နေမှာပေါ့လေ'

'ဒါပေါ့၊ နယ်စားကြီးရဲ့ အရိုက်အရာကို လွှဲပေးတဲ့အခါ တင့်တင့်တယ်တယ်ကျအောင် မထမ်းဆောင်နိုင်ဘူးလို့ ငြင်းလိုက်ရပြီးတာပဲ၊ ဟွန်း'

စန်းစီးပြုံးလိုက်လေသည်။

'နယ်စားလေး စိတ်ထင်ရာလျှောက် လုပ်နေလို့ မိတ်ဆွေကြီး စိတ်တိုနေပြီထင်တယ်'

'ခင်ဗျားပဲ စဉ်းစားကြည့်ပေါ့ဗျ ၊ ဧည့်သည်တွေကို ပြန်လွှတ်လိုက်ရတယ်၊ နယ်စား တစ်ယောက်အနေနဲ့ လုပ်ကိုင်ဆောင်ရွက်မယ့်ကိစ္စတွေကို လျစ်လျူရှုထားတယ်'

'ဟင်း....ဟင်း၊ မိတ်ဆွေရဲ့စိတ်ထဲမှာ နယ်စားလေး အပေါ် ချစ်ခင်မြတ်နိုးတယ်၊ သံယောဇဉ်ရှိတယ်၊ ဖခင်နယ်စားကြီးရဲ့ ခြေရာကိုနင်းနိုင်အောင် ကြိုးစားစေချင်တယ်....



'ဒါပေမယ့် နယ်စားလေးဟာ တဇွတ်ထိုးသမား ဖြစ်နေပြီး စိတ်ထင်ရာလျှောက်လုပ်နေတော့ အားမလိုအားမရ ဖြစ်လာပြီး အပြစ်တွေမြင်လာတယ်ဆိုတာ နားလည်ပါတယ်'

'နယ်စားကြီး ကွယ်လွန်သွားတော့ နယ်စားလေးကို ကျုပ်တို့ပြုစုစောင့်ရှောက်ပြီး နယ်စားကြီးရဲ့မျိုးဆက်ကို ဆက်လက်ထိန်းသိမ်းသွားကြမယ်လို့ ဆုံးဖြတ်တာပဲ မဟုတ်လား၊ ရှေးအခါကဆိုရင် မိဘအရိုက်အရာ ဆက်ခံမယ့်သားသမီးတွေဟာ ယှဉ်ယှဉ်လှလှနေတော့ အထိန်းတော်တွေကပဲ ရင်ခွင်ပိုက်စီမံဆောင်ရွက်ပေးခဲ့ကြရတာ မဟုတ်လား'

'ကျုပ်တို့ ဝိုင်းဝန်းပြုပြင်ပေးလိုက်မယ်ဆိုရင် နယ်စားလေးဟာဖခင်ရဲ့အရိုက်အရာကို ဆက်ခံနိုင်မှာပါ၊ သူဟာ လူတော်လေးတစ်ယောက်ဆိုတာ မိတ်ဆွေလဲသိပါတယ်'

ရှန်းစီး သက်ပြင်းချလိုက်လေသည်။

'လူတော်လေးဆိုတာ သိပ်မှန်တာပေါ့ဗျာ၊ နယ်စားကြီးရဲ့ ခြေရာနင်းနိုင်တာဆိုလို့ သိုင်းပညာတစ်ခုပဲ ပြောစရာရှိတယ်ဗျာ....'

မပြောကောင်းပြောကောင်း ပေါ်ငယ်ရွယ်ရွယ်နဲ့ အဖေထက်သားက လက်ဆောင်းထက်နေသေးတယ်၊ သူ့လောက် ဇွတ်တရွတ်နိုင်တဲ့လူစားမျိုး တစ်ခါမှမတွေ့ဖူးဘူး'

လိမ္မာယဉ်ကျေးပြီး လူကြီးသူမ ပြောဆိုဆုံးမတဲ့ စကားကို နားမယ့်စီမံအုပ်ချုပ်မှု အတတ်ပညာတွေကို လေ့လာမယ်ဆိုရင် ကျုပ်သေပျော်ပြီး ခုတော့....'

စန်းစီး ပြုံးလိုက်သည်။

'မိတ်ဆွေရယ်၊ ကျောက်ကောင်းတစ်ပွင့် ဖြစ်လာအောင် ကျောက်ရိုင်းကို သွေးယူရတာပါဗျာ၊ ကျုပ်တို့ ဝိုင်းဝန်းကူညီပံ့ပိုးကြမယ်ဆိုရင် ဘာကြောင့် မျှော်လင့်သလို ဖြစ်မလာရမှာလဲ'

တစ်ဇွတ်ထိုး တဇောက်ကန်း နိုင်လှသည့် နယ်စားလေးကျင်းလီအပေါ် စိတ်ပျက်နေသော ရှန်းစီးကို အားပေးစကားပြောလိုက်လေသည်။

ရှန်းစီး ဘာမှမပြောတော့ချေ။

ထိုစဉ်....

'နယ်စားလေး ကြွချီလာပါပြီ'

အပြင်ဘက်မှ ကြွေးကြော်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှန်းစီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဟော ပြန်လာပြီ'

ချက်ချင်းပင် ခပ်သွက်သွက် လှမ်းထွက်သွားလေ၏။

ရှန်းစီး ပျာပျာသလဲဖြစ်နေသည်ကိုကြည့်ကာ စန်းစီးကရယ်မောရင်းလိုက်သွားလေတော့သည်။

နယ်စားလေး ကျင်းလီသည် နယ်စားဂေဟာသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

အကြံသမား

တစ်ရက်။

နှစ်ရက်။

သုံးရက်။

သုံးရက်ဟူသောအချိန်ကုန်ဆုံးသွားပြီဖြစ်လေသည်။

ထိုသုံးရက်အတွင်း ကျင်းလီသည် သူ၏အခန်းတွင်းမှ အပြင်မထွက်ဘဲ အခန်းအောင်းနေခဲ့လေသည်။

တောင်ပိုင်းနယ်အတွက် နယ်စားကြီး တာဝန်ရှိသည့် ကိစ္စအဝဝကို ရှန်းစီးနှင့်စန်းစီးတို့ကပင် တာဝန်ယူ ဆောင်ရွက်ခဲ့ရလေသည်။

ကျောင်းလီကိုသွားတွေ့သောအခါ နေမကောင်းသဖြင့် အတွေ့ မခံနိုင်ဟု ငြင်းပယ်ခြင်းခံရလေသည်။

ကျောင်းလီသည် သူ့အား အနီးကပ်ပြုစုရသည့် ကောင်းဖိုး ဆိုသော အခြွေအရံတစ်ယောက်ကိုသာ အဖော်ပြု၍နေခဲ့လေ သည်။

ကောင်းဖိုးမှာနယ်စားကြီးကျောင်းဖိုးချီနှင့် သားတော်ကျောင်းလီ တို့အပေါ် အလွန် သစ္စာရှိသူတစ်ယောက်ဖြစ်ပါသည်။

နယ်စားကြီးမရှိတော့သည့်နောက်ပိုင်း ကျောင်းလီကိုအနီးကပ် ပြုစုစောင့်ရှောက်ရင်း ကျောင်းလီအတွက်ဆိုလျှင်အသက်ပင်အသေ ခံပေးသူဖြစ်ပါတော့သည်။

ရှန်းစီးနှင့်စန်းစီးတို့သည် ကောင်းဖိုးအားခေါ်ယူလိုက်ပြီး ကျောင်းလီ၏အကြောင်း မေးမြန်းစုံစမ်းခဲ့ကြသည်။

သို့သော်...

ကောင်းဖိုးထံမှ ထူးခြားသော သတင်းမရပါ။

ကျောင်းလီမှာ စားလိုက်၊ အိပ်လိုက်၊ တွေးတောစဉ်းစား လိုက်ဖြင့် တစ်နေ့တစ်နေ့ အချိန်ကုန်နေပြီး တစ်ခါတစ်ရံ ပလွေ မှုတ်ခိုင်းသည်ဟုသာ ပြောနိုင်လေသည်။



ရှန်းစီးနှင့်စန်းစီးတို့မှာ ကျောင်းလီ၏အပေါ် နားမလည်နိုင် အောင် ဖြစ်လာကြလေတော့သည်။

ဤသို့ဖြင့်....

လေးရက်မြောက်သောနေ့တွင် ကျောင်းလီ အဘယ်ကြောင့် အခန်းအောင်းနေရသည့်အကြောင်းရင်း ပေါ်ပေါက်လာလေ တော့သည်။

လေးရက်မြောက်သောနေ့။

နေသာသောနေ့ဖြစ်ပါသည်။

ရှန်းစီးနှင့်စန်းစီးတို့လည်း ယနေ့နံနက်ပိုင်းတွင် ထူးထူး ထွေထွေလုပ်ကိုင်စရာမရှိဘဲ အားလပ်နေသဖြင့် သီးသန့်ဆောင် လေးအတွင်း၌ ရေနွေးကြမ်းသောက်ကာ အနားယူနေကြစဉ် အစောင့်များ၏အသံပေါ် ထွက်လာလေသည်။

'နယ်စားလေး ကြွချီလာပါပြီ'

ရှန်းစီးတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်မိကြလေသည်။

'ဘာဘာတို့ အနားယူနေကြတာကိုး'

စကားသံနှင့်အတူ ကျင်းလီဝင်ရောက်လာသဖြင့် ရှန်းစီးတို့ ကပျာကယာ ထရပ်လိုက်ကြလေသည်။

'ထိုင်ကြပါ၊ ထိုင်ကြပါ'

ကျင်းလီသည် ရှန်းစီးတို့စားပွဲ၌ ဝင်ထိုင်လိုက်သည်။

သူ၏အနောက်အက်ကွင် အပ်ပမာ ကပ်လိုက်လာသော ကောင်းဖုံးက ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်လေသည်။

ကျင်းလီက ရေနွေးကြမ်းကိုမှုတ်သောက်ရင်း ရှန်းစီးတို့ကို ပြုံး၍လိုက်လေသည်။

'ဘာဘဲ့ကိုကြည့်ရတာ တစ္ဆေသရဲတစ်ကောင် တွေ့ရသလို မျိုး ဖြစ်နေပါလား'

သူ၏စကားကြောင့် ရှန်းစီး ပျာပျာသလဲ ဖြစ်သွားပြန်သည်။

'ကျုပ်တို့က နယ်စားလေး နေမကောင်းဖြစ်နေသယ်ဆိုလို့ စိတ်ပူနေကြတာပါ၊ သို့ရက်လိုးလိုး ကျုပ်တို့ကို အတွေ့မခံဘဲ ခုမှ ပြုံးစားကြီးတွေ့လိုက်ရလို့ အံ့ဩနေကြတာပါ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

ရှန်းစီးက ထောက်ခံလိုက်လေသည်။

ကျင်းလီရယ်မောလိုက်ပြန်သည်၊

'ကျွန်တော် နေမကောင်းတာ မှန်ပါတယ်၊ ဒါ့ပေမယ့် လူနေမကောင်းတာမဟုတ်ပါဘူး၊ စိတ်နေမကောင်းဖြစ်နေတာပါ'

'ဟင်'

ရှန်းစီးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။



ကျင်းလီက ပြုံးပြုံးရွှင်ရွှင်ဖြင့် ဆက်ပြောလေသည်။

'ကျွန်တော်ဟာ ငယ်စဉ်ကတည်းက အမိမဲ့သား ဖြစ်ခဲ့ရတယ်၊ ညီအစ်ကိုမောင်နှမလည်း မရှိတော့ ရွှေဘုံမှာစံရပေမယ့် တစ်ကောင်ကြွက်လို ဖြစ်ခဲ့တယ်၊ ခုတစ်ခါ ဖေဖေ ကွယ်လွန်သွားပြန်ပြီ'

ပြောရင်း သူ၏မျက်နှာပေါ်မှ အပြုံးရိပ်များကွယ်ပျောက်သွား၏။ မျက်နှာတဖြည်းဖြည်း ညှိုးသွားလေသည်။

'ဖေဖေမရှိတော့တဲ့နောက် ကျွန်တော့်အတွက် အားထားရာ မြင့်မိုရ်ရွှေတောင်ကြီး ပြိုလဲသွားရတာပဲ၊ နယ်စားဆိုတဲ့ အရိုက်အရာကို ဆက်ခံရပေမယ့် ဒါဟာ ဝမ်းသာစရာမှမဟုတ်တာ၊ ဖေဖေနဲ့လဲလို့မရနိုင်ပါဘူးဗျာ'

ရှန်းစီးနှင့် စန်းစီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ကျင်းယီက အလေးအနက်ထားကာ ပြောဆိုနေခြင်းဖြစ်သည်ဟု နားလည်လိုက်ကြသည်။

နယ်စားကြီးအတွက် သူတို့ပင် ဝမ်းနည်းကြေကွဲကြရလျှင် ကျင်းလီကိုယ်တိုင် မည်သို့ခံစားရမည်ကို တွေးကြည့်နိုင်ပေသည်။

ကျင်းလီအပေါ် အထင်မှားမိသည်ကို ရှန်းစီးနောင်တရလာလေတော့သည်။

ကျင်းလီက ဆက်ပြောလိုက်လေသည်။

'ဖေဖေ အတွက် ဝမ်းနည်းကြေကွဲစိတ်ဟာ ကျွန်တော့်ကို တစ်ချိန်လုံး ဖိစီးနှိပ်စက်နေပါတယ်၊ ကြာရင် ကျွန်တော် ရူးသွပ်သွားမယ်လို့တောင် ထင်ရပါတယ်'

ဒါကြောင့်လည်း ကျွန်တော်က အရွဲ့တိုက်ပြီး ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်နေခဲ့တာပါ၊ စိတ်ထင်ရာတွေ လျှောက်လုပ်နေခဲ့တာပါ၊ ကျွန်တော့်မှာ အမှားရှိခဲ့ရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ခင်ဗျား'

အတိုင်ပင်ခံတိုးတိုးနှစ်ယောက်ဟာ စိတ်မကောင်းနိုင်အောင် ဖြစ်သွားကြလေသည်။

'နယ်စားလေး ဘာမှမမှားပါဘူး'

'ကျုပ်တို့ ဘဝမှာ နယ်စားလေးအပေါ် အထင်မှားခဲ့မိကြတာပါ၊ ကျုပ်တို့ကို ခွင့်လွှတ်ဖို့တောင်းပန်ရမှာပေါ့'

ကျင်းလီ လက်ကာပြလိုက်သည်။

'ဘာဘတို့ ကျွန်တော့်အပေါ် ထားရှိတဲ့စေတနာကို ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်ပါတယ်၊ ရိုသေလေးစားမိပါတယ်၊ ကျွန်တော် တစ်ခုပြောချင်တာက နယ်စားဂေဟာမှာ ဒီအတိုင်းပဲဆက်နေသွားရမယ်ဆိုရင် ကျွန်တော် ရူးသွပ်သွားမှာ အမှန်ပါပဲ'

ရှန်းစီးက မေးလိုက်လေသည်။

'နယ်စားလေး ဘယ်လိုများ လုပ်ချင်လို့လဲပြောပါဦး'



ကျင်းလီက စန်းစီးကိုကြည့်လိုက်သည်။

စန်းစီးလည်း ဦးညွှတ်လိုက်သည်။

'ကျုပ်တို့ဟာ နယ်စားလေးအတွက် အကောင်းဆုံး ဖြစ်အောင် စီမံဆောင်ရွက်ပေးကြမယ်ဆိုတာ ယုံပါ၊ နယ်စားလေး ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်း သာပြောပါ'

ကျင်းလီ ပင့်သက်ရှိုက်လိုက်လေသည်။

'ကျွန်တော် ပြောချင်ပါတယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လို့လဲ နယ်စားလေး'

'ဘာဘတို့ ခွင့်ပြုနိုင်မယ် မထင်လို့ပါ'

ရှန်းစီးက....

'နယ်စားလေး ဘာလုပ်ချင်တယ်ဆိုတာ ပြောဦးမှပေါ့၊ ဒါမှ ကျုပ်တို့တွေးတောစဉ်းစားလို့ရမှာပေါ့'

'ဒါ အမှန်ပါပဲ နယ်စားလေး'

စန်းစီးက ထောက်ခံလိုက်လေသည်။

နယ်စားလေးက ညှိုးငယ်သောမျက်နှာလေးဖြင့် ပြောလိုက်လေသည်။

'ကျွန်တော် ဒီမှာ နေရတာ မပျော်ပိုက်နိုင်အောင်ဖြစ်နေပါတယ်၊ ဒါကြောင့် စိတ်ပြေလက်ပျောက် ခရီးထွက်ချင်ပါတယ်၊ ခရီးထွက်ရာက ပြန်ရောက်လာရင် စိတ်သစ် လူသစ်

ဖြစ်လာပြီး တောင်ပိုင်းနယ်အတွက် တာဝန် ဝတ္တရားတွေကို တက်တက်ကြွကြွ ထမ်းဆောင်သွားနိုင်မယ်လို့ ယူဆပါတယ်'

ရှန်းစီးနှင့် စန်းစီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့ လုံးဝမျှော်လင့်မထားသည့် စကားကို ကြားလိုက်ကြရသည် မဟုတ်ပါလား။

ထို့ကြောင့် ရုတ်တရက် မည်သို့အဖြေပေးရမှန်းမသိ ဖြစ်သွားကြလေတော့သည်။

ကျင်းလီကဦးညွှတ်လိုက်၏။

'ကျွန်တော်ခရီးထွက်ဖို့ ဆုံးဖြတ်ပြီးပါပြီ'

ရှန်းစီးတို့ခွင့်မပြုလျှင်လည်း သူ့သဘောသူသွားမည်ဆိုသည့် သဘောဖြစ်လေသည်။

ကျင်းလီဆုံးဖြတ်ပြီးပြီဆိုလျှင် တားဆီး၍ ရတော့မည်မဟုတ်ကြောင်း ရှန်းစီးတို့ သဘောပေါက်လိုက်၏။

တား၍မသင့်ဟုလည်း တွေးမိကြ၏။

စန်းစီးခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ နယ်စားလေး သွားချင်တယ်ဆိုရင်လဲသွားပါ၊ နယ်စားဂေဟာအဝဝကို ကျုပ်တို့တာဝန်ယူပါတယ်'

သူက ရှန်းစီးဘက်သို့လှည့်ကာပြောသည်။

'မိတ်ဆွေကတော့ နယ်စားလေးနဲ့လိုက်သွားပြီး အသွားအပြန်လမ်းတစ်လျှောက် တာဝန်ယူပါဗျာ၊ ဒီတစ်ခေါက်



ကိုယ်ရံတော်တပ်ဖွဲ့အ[illegible]င် အဆောင်ကိုင် "လေးယောက်လုံးပါ ခေါ်သွားရင် ကောင်းမယ်'

ရှန်စီးခေါင်းညိတ်လိုက်သည်ကို ကျင်းလီက ဦးညွှတ်ကာ မေးလေသည်။

'ကောင်းပါပြီ၊ နယ်စားလေး ဘယ်ကိုသွားမလဲ၊ ဘယ်တော့သွားမလဲ၊ အချိန်ရှိပါ၊ ဘာမှ လိုလေသေးမရှိအောင် ကျုပ်စီစဉ်လိုက်ပါမယ်'

ကျင်းလီသည် တောင်ပိုင်းနယ်တွင် ဩဇာတိက္ကမအကြီးဆုံး ပုဂ္ဂိုလ်တစ်ယောက်ပေတကား။

ကျင်းလီ၏မျက်နှာရှုံ့မဲ့သွားလေသည်။

'ကျွန်တော်က စိတ်ပြေလက်ပျောက် ခရီးထွက်ချင်တာပါ၊ တပ်ထောက်ကစိုလ်တွေနဲ့ တိုင်းခန်းလှည့်လည်ချင်တာမဟုတ်ပါဘူး၊ ဒီအတိုင်းဆို နယ်စားဂေဟာမှာနေတာကပဲ ပိုကောင်းဦးမယ်၊ ကျုပ်သွားရာ အရပ်တိုင်းမှာ ခရီးဦးကြိုပြုကြမယ်၊ တွေ့ဆုံနှုတ်ဆက်ကြမယ်၊ အို...ဘယ်လိုမှ လွတ်လွတ်လပ်လပ် နေရတော့မှာ မဟုတ်ဘူး၊ တော်ပြီ...တော်ပြီ မသွားတော့ဘူး'

ချက်ချင်း ထိုင်ရာမှထလိုက်လေသည်။

'နယ်စားလေး၊ နေပါဦး'

ရှန်းစီးတို့နှစ်ဦးက ကပျာကယာတားမြစ်လိုက်လေသည်။

'နယ်စားလေး၊ ဘယ်လိုမျိုး စိတ်ကူးထားလို့လဲ ပြောပါဦး'

အလောတကြီး မေးလိုက်ကြလေသည်။

ကျင်းလီ သက်ပြင်းချလိုက်သည်။

'ကျွန်တော်က အဆောင်အယောင်တွေမပါတဲ့ လွတ်လွတ်လပ်လပ် ခရီးသွားချင်တာ၊ နယ်စားလေးဆိုတာ မသိလေ ကောင်းလေပဲ၊ ပြီးတော့....တောင်ပိုင်းနယ်မှာကျွန်တော်မရောက်ဖူးတဲ့နေရာမရှိတော့ဘူး၊ ကျွန်တော် မရောက်ဖူးတဲ့နေရာကို သွားချင်တာ'

'ဟင်'

'ဟာ'

စန်းစီးတို့ ထိတ်လန့်သွားကြလေသည်။

စန်းစီး မျက်နှာပျက်သွား၏။

'နယ်စားလေးက တောင်ပိုင်းနယ်မြေရဲ့မြောက်ဘက်ကို သွားချင်တာ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဟာ ဒါတော့ မဖြစ်ဘူးထင်တယ်'

ကျင်းလီက အမှုမထားပါချေ။

'ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ'

'နယ်စားလေး'

'ကျွန်တော် ဒီကနေ့ညပဲသွားမယ်လို့ စိတ်ကူးထားပါတယ်'

'နယ်စားလေးတစ်ယောက်တည်းသွားလို့ ဘယ်ဖြစ်ပါမလဲ'

'ဟုတ်တယ်၊ အန္တရာယ်ဆိုတာ မြင်ရတာ မဟုတ်ဘူး၊ ကိုယ့်ချစ်တဲ့လူရှိသလို မုန်းတဲ့လူလဲရှိချင်ရှိမယ်၊ နယ်စားကြီးရှိစဉ်က တောင် မလိုမုန်းထားပြီး လုပ်ကြံချင်ကြတဲ့လူတွေရှိနေသေးတာ



ပဲ၊ နယ်စားလေးတစ်ယောက်တည်းသွားမယ်ဆိုရင် ပိုပြီးတောင် ဒုက္ခပေးကြဦးမှာ'

စန်းစီးတို့ ကန့်ကွက်လိုက်ကြသောအခါ ကျင်းလီက ရယ်မောလိုက်လေသည်။

'ကျွန်တော် တစ်ယောက်တည်းသွားမှာမဟုတ်ပါဘူး'

'နယ်စားလေးက...'

'ကောင်းဖုံ့ကို အဖော်ခေါ်သွားမယ်လေ'

'နယ်စားလေးတို့ နှစ်ယောက်တည်းသွားမှာ ဟုတ်လား'

ကျင်းလီ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်ခရီးသွားနေတုန်း ဘဘတို့ပဲ ရှိသမျှ ကိစ္စအဝဝကို တာဝန်ယူထားလိုက်ကြပါ၊ ကဲ... ကျွန်တော်သွားမယ်'

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်လေသည်။

ရှန်းစီးနှင့် စန်းစီးတို့ မကျေမနပ် ဖြစ်သွားကြလေသည်။

ကျင်းလီ အား ဟန့်တားခြင်းမပြုနိုင်ဘဲ လက်ဝိုက်ကြည့်နေလိုက်ကြရလေတော့သည်။

ကျောင်းလီအား မည်သူကမျှ ဘန့်တားရှိရမည်မဟုတ်ပါချေ။ ကျောင်းလီသည် ကောင်းဖုံကိုခေါ်ကာ သွားချင်ရာ သွားလိမ့်မည် ဖြစ်လေသည်။

ရှန်းစီးနှင့် စန်းစီးတို့ မကျေမနပ် ဖြစ်နေကြသည်။

'နယ်စားလေးကို ဘယ်လိုမှ တားလို့ရမှာမဟုတ်ဘူး'

'သူ့ကို တားနိုင်တဲ့သူရှိရင် ကျုပ်က ထိုင်ပြီး ဦးသုံးကြိမ်ချကန်တော့လိုက်ချင် သေးတယ်၊ ဒီလို ဇွတ်တရွတ်ပုံစံမျိုးနဲ့ တောင်ပိုင်းနယ်ပိုင်နက် အပြင်ဘက်ကို ထွက်သွားရင်မလွယ်ဘူး'

'တောင်ပိုင်းနယ်စားဆိုတဲ့ ဂုဏ်ပုဒ်ကို စွန့်လွှတ်ရမလို ဖြစ်နေပြီ'

'ဒါဆိုင်ဘယ်ကမလဲဗျ၊ ကျုပ်တို့အသုံးမကျလို့ ခုလိုဖြစ်ရတာလို့ ကဲ့ရဲ့ကြတော့မှာပေါ့၊ ကျုပ်တို့ရဲ့ ဂုဏ်သိက္ခာတွေကိုပါ ရေစုန်မျောသွားတော့မှာ'

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတော့သည်။

ကျောင်းလီ၏ လုပ်ရပ်သည် တောင်ပိုင်းနယ်စားဟူသော ဂုဏ်ပုဒ်နှင့် လားလားမျှ မသက်ဆိုင်သောလုပ်ရပ် ဖြစ်နေပါသည်။

ကျောင်းလီက ဘာကိုမျှ တွေးတောမည်မဟုတ်ဘဲ လုပ်ချင်ရာ လုပ်မည့်သူ ဖြစ်လေသည်။

စန်းစီနှင့် ရှန်းစီးတို့သည် မကျေမနပ်ချက်များ ပြောကြသည်။ ညည်းညူကြသည်၊ အားရအောင်ပြောကြ ညည်းညူကြပြီးမှ....

'ကျုပ်တို့ ဘာလုပ်ရင် ကောင်းမလဲ'

တစ်ယောက်ကိုတစ်ယောက် ပြုံတူမေးလိုက်ကြလေသည်။



တစ်ဖန်....

'ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး'

'နယ်စားလေး စိတ်ထင်ရာ လျှောက်မလုပ်နိုင်အောင် ထိန်းသိမ်းနိုင်တဲ့လူ ရှိမှဖြစ်မယ်'

'ကောင်းဖုကတော့ အရှုပ်ပဲ၊ နယ်စားလေးက သေဆိုသေ ရှင်ဆိုရှင်၊ သူ့ကို အားကိုးရမှာမဟုတ်ဘူး'

မည်သို့ဆောင်ရွက်ရမည်ကို တွေးတောစဉ်းစားရင်း ကျောင်းလီအား ထိန်းသိမ်းစောင့်ရှောက်ဖို့ အဆောင်ကိုင်လေးယောက်အား တာဝန်ပေးရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

## ရွှေရုပ်လွှာ

စင်ကျွန်နယ်....

စင်ကျွန်နယ်သည် ကျယ်ပြန့်သော နယ်မြေကြီးဖြစ်သလို သဘာဝအလှအပများ ဖုံးလွှမ်းထားရာ ဒေသကြီးလည်း ဖြစ်လေသည်။

တောတောင်လျှိုမြောင်စိမ့်စမ်း ပေါများသည်။

လယ်ကွင်းများ၊ မြက်ခင်းပြင်များ၊ မြစ်ချောင်းအင်းအိုင်များ ရှိသည်။

ဒေသခံများအပြင် အနယ်နယ် အရပ်ရပ်မှ လာရောက်နေထိုင်သူများဖြင့် စည်ကားသော မြို့ရွာများရှိသည်။



လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူများ၊ ကုန်ရောင်း ကုန်ဝယ်သမားများ၊ သိုးဆိတ်မွေးမြူသူများ စသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလည်း စုံသင့်လှပေသည်။

ခေါင်းမာသော နယ်စားလေး ကျင်လီသည် သက်တော်စောင့် ကောင်းဖုံနှင့်အတူ စင်ကျွန်နယ်သို့ ရောက်ရှိလာပြီ ဖြစ်သေသည်။

ကျင်းလီသည် အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသော စာပေသမားတစ်ယောက်နှင့် တူနေသည်။

ကောင်းဖုံကား အထုပ်အပိုးများ ပခုံးချိတ်ထားသလို ကျောပိုးကာ ပျံကျနယ်လှည့် ဈေးသည်တစ်ယောက်နှင့် တူနေပါသည်။

မည်သို့ဆိုစေ....

အရယ်အပြုံးကင်းမဲ့သော သူ၏မျက်နှာသည် ကျောက်ရုပ်တစ်ရုပ်နှင့် တူနေပါသည်။

ကောင်းဖုံသာ ဈေးသည်ဖြစ်လျှင်လည်း သူရောင်းချသော ပစ္စည်းများ ဘယ်သောအခါမှ ရောင်း၍ကုန်လိမ်မည် မဟုတ်ပါချေ

ကျင်းလီနှင့် ကောင်းဖုန်တို့သည် စင်ကျွန်နယ်၏ စည်ကားသော မြို့တစ်မြို့သို့ ရောက်ရှိလာသောအခါ ဦးစွာပထမ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်၍စားသောက်လိုက်ကြလေသည်။

ကျင်းလီက စားသောက်နေချိန်တွင် ကောင်းဖုံက အသုပ်အပိုးများ ကျော်ပိုးကာ ကျင်းလီ၏အနောက်ဘက်၌ ရပ်နေသည့် အဖြစ်ကား အခြားသော စားသောက်ဆိုင်များအတွက် ထူးခြားသော မြင်ကွင်းတစ်ခုပမာ ရှိနေပ တော့သည်။

စားသောက် နေကြသူများသည် တစ်ယောက်ကို တစ်ယောက် ယက်တို့ရင်း တီးတိုးပြောဆိုနေကြပါတော့သည်။

ကျင်းလီကာ တွေ့မြင်သတိပြုမိအောင်လည်း အမှုမထားချေ။ စားသောက်ပြီးစီးသွားလျှင် ဆိုင်ထဲမှ ထွက်လာခဲ့သည်။

နောက်နောင် စားသောက်ဆိုင်များ၌ ဝင်ရောက် စားသောက်ပါက ကောင်းဖုံကိုပါ သူနှင့်အတူတူ ဝိုင်းဖွဲ့ စားသောက်ခိုင်းမည်ဟု တွေးထားလေသည်။

နှစ်ယောက်သား လူစည်ကားသော လမ်းမကြီးအတိုင်း လျှောက်လှမ်းလာနေစဉ်မှာပင်....

'မိတ်ဆွေလေး ခဏနေပါဦးဗျ'

စကားသံထွက်ပေါ်လာသဖြင့်လှည့်ကြည့်လိုက်လျှင် ပြုံးရွှင်သော မျက်နှာထားရှိသူ တစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ကျင်းလီ မျက်မှောင်ကြုတ်သွားလေသည်။

'ကျုပ်ကို ခေါ်တာလားဗျ'

ထိုလူ ဦးခေါင်းညိတ်လိုက်လေသည်။



'ရှိပါတယ်ဗျာ'

'ဘာကိစ္စရှိလို့လဲ ခပြောပါ'

'ဪ....မိတ်ဆွေတို့၊ ဒီမြို့ကိုခုမှရောက်လာကြတဲ့ ရပ်ဝေးကဧည့်သည်တွေဆိုတာ ရိပ်မိလို့သတိပေးချင်လို့ပါ'

'ဪ'

နယ်စားလေး ပြုံးလိုက်လေသည်။

'ဘာတွေများ သတိပေးစရာရှိလို့လဲ ပြောပါဗျာ'

ထိုလူက အလွန်အရေးကြီးသည့် အမူအရာဖြင့် ပြောလိုက်လေသည်။

'ဒီမြို့မှာ လူဆိုးတွေ၊ လူလိမ်တွေ၊ လူကောက်တွေပေါများတယ်၊ မိတ်ဆွေတို့ပအူမလည်နဲ့ ဒုက္ခရောက်မှာစိုးလို့ သတိပေးရတာပါဗျာ'

'ကျေးဇူးပါပဲဗျာ၊ ကျုပ်သတိထားပါ့မယ်'

နယ်စားလေးက ရယ်ရယ်မောမောဖြင့်ပြောကာထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

'ခဏနေပါဦးဗျ'

ထိုလူက ဟန့်တားလိုက်ပြန်သည်။

နယ်စားလေးက သက်ပြင်းချလိုက်လေသည်။

'ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိလို့ သွားလိုက်ဦးမယ်၊ လူဆိုးတွေ၊ လူလိမ်တွေ၊ လူကောက်တွေလာချင်လဲ လာပါစေ၊ ကျုပ်မမှုပါဘူး'

ထိုလူအား လုံးဝလှည့်မကြည့်ဘဲ ထွက်သွား၏၊

'မဟုတ်သေးဘူး၊ ကျုပ်က သီလေးတို့ကိုကူညီ....'

ထိုလူမလျှော့ဘဲ နောက်မှလိုက်လာပြီး ပြောနေရာ သူ၏စကားမဆုံးမီ ကောင်းဖုံ့က သူ၏ပခုံးကိုဆောင့်တွန်းလိုက်လေသည်၊

ထိုလူ ဒယီးဒယိုင်ဖြစ်သွားကာ ကောင်းဖုံ့အား မကျေမနပ်ဖြင့် ကြည့်လိုက်လေသည်၊

ကောင်းဖုံ့က ခပ်စိမ်းစိမ်းစိုက်ကြည့်ကာ ပြောလိုက်လေသည်၊

နယ်စားလေးပြောတာ မင်းမကြားဘူးလား၊ ထွက်သွားစမ်း....'

သံပြတ်ဖြင့် ပြောလိုက်သည်၊

ထိုလူမှာ ကောင်းဖုံ့၏အသွင်ကို ကြည့်ပြီး ကြောက်လန့်သွားကာ ချာခနဲလှည့်ပြီး ပြေးလွှားသွားလေတော့သည်၊

ကောင်းဖုံ့းလည်း ဘာမှမဖြစ်သလို ပြုံးသွားနေသည့် နယ်စားလေးနောက်သို့ ခပ်သုတ်သုတ် လိုက်သွားလေတော့သည်၊



သာယာလှပသောည ဖြစ်ပါသည်၊

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေလေသည်၊

နယ်စားလေးသည် ကောင်းကင်မှလဝန်းကို ငေးကြည့်နေသည်၊

ကောင်းဖုံ့းက မလှမ်းမကမ်း၌ ကျောက်ချပ်တစ်ချပ်ပေါ်မှာ ရပ်နေသည်၊

သူတို့နှစ်ယောက်သည် မြို့စွန်တစ်နေရာရှိ သန့်ရှင်းသန့်ရပ်သော တည်းခိုခန်းတစ်ခု၌ ရောက်ရှိနေကြခြင်းဖြစ်သည်၊

ညဥ့်နက်နေပြီဖြစ်သော်လည်း နယ်စားလေးသည် အိပ်စက်ခြင်းမပြုနိုင်သေးဘဲ တည်းခိုခန်းနံဘေးရှိ ပန်းဥယျာဉ်ထဲ၌ လေညှင်းခံနေခြင်း ဖြစ်ပါသည်၊

ညဥ့်နက်ပြဖြစ်ရာ တည်းခိုခန်းရှိမီးရောင်များ ပျောက်ကွယ်ကာ တိတ်ဆိတ်ငြိမ်သက်နေပြီ ဖြစ်ပါသည်၊

နယ်စားလေးက လေညှင်းခံနေစဉ် အပြင်မှပလွေသံတစ်ခု ပျံ့လွင့်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

နယ်စားလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဇလွှငယ်ရှင်ထံမှ ကြားခဲ့ရသော ပလွေသံနှင့် ထပ်တူညီမျှတူညီနေသော ပလွေသံဖြစ်နေသည် မဟုတ်ပါလား၊

နယ်စားလေးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပလွေသံထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ပြေးလွှားသွားလေသည်။

ကောင်းဖုံးလည်း စကားတစ်လုံးမှမပြောဘဲ ပြေးလိုက်သွားသည်။

'ဟူး ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ် လာမလာတော့သည်။

နယ်စားလေးနှင့်ကောင်းဖုံးတို့သည်ကိုယ်ဖော့ပညာ အသုံးပြုကာ ရိပ်ခနဲပြေးသွားကြပြီး မကြာခင်ပန်းများ ဝေဝေဆာဆာဖူးပွင့်နေသော တောင်ကုန်းလေးတစ်ခုသို့ ရောက်ရှိသွားကြလေသည်။

တောင်ကုန်းလေးပေါ် ရောက်လျှင် ကျောက်တုံး တစ်တုံးပေါ်၌ထိုင်ကာ ပလွေမှုတ်နေသော လှေငယ်ရှင်ကို တွေ့လိုက်ရလေသည်။

'ဟား ဟား ဟား'

နယ်စားလေးက သဘောကျစွာ ရယ်မောလိုက်လေသည်။

'ခင်ဗျားက ဒီနေရာမှာ ရောက်နေတာကိုး'



လှေငယ်ရှင်က ပလွေကို ဘေးချလိုက်လေသည်။

ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျားရောက်လာမယ်ဆိုတာသိလို့ လာစောင့်နေတာ'

'ကိစ္စရှိလို့လား'

'ရှိတယ်၊ ရေကန်ထဲမှာ ကျုပ်ပြောခဲ့တဲ့စကားကို ပြန်ပြီးရုပ်သိမ်းဖို့ပဲ'

နယ်စားလေး မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲ'

'ဘာကြောင့်လဲဆိုရင် ကျုပ်စကားအတိုင်း ချူးကျန်းဂိုဏ်းကို ခင်ဗျားသွားရင် ဒုက္ခရောက်သွားမှာစိုးရိမ်လို့ပါ၊ ခင်ဗျားနောက်လှည့်ပြန်သွားတာ အကောင်းဆုံးပဲ'

'ဟား ဟား ဟား'

နယ်စားလေးက ရယ်ချလိုက်လေသည်။

လှေငယ်ရှင်က လက်ကာပြလိုက်လေသည်။

'ကျုပ် ရယ်စရာပြောနေတာမဟုတ်ဘူး၊ ချူးကျန်းဂိုဏ်းက သခင်မလေးဟာ ဘယ်လိုလဲဆိုတာ ကျုပ်မပြောပြမိလိုက်ဘူး'

နယ်စားလေး ခေါင်းညိတ်လိုက်သည်။

'ရေကန်ထဲမှာ ပြောမပြဖြစ်ခဲ့ဘူးဆိုရင် အခုပြောနိုင်ပါတယ်'

'စိတ်ချ၊ ကျုပ်ပြောပြမှ ခင်ဗျားသဘောပေါက်မှာ ချူးကျန်ဂိုဏ်းရဲ့သခင်မလေးဟာ အလှမယ်ဘွဲ့ရထားတယ်၊ လူငယ်လူရွယ်တိုင်းကသူ့ကိုလိုချင်ကြတယ်၊ သခင်မလေးကိုရရှိဖို့အတွက် လူငယ်အချင်းချင်း ခိုက်ရန်ဒေါသတွေဖြစ်ကြတယ်၊ သွေးထွက်သံယိုမှုတွေရှိခဲ့တယ်၊ ဒါကြောင့် သခင်မလေးကို သွားမတွေ့တာ အကောင်းဆုံးပါပဲဗျာ'

လှေငယ်ရှင်၏ ရှင်းပြသောစကားကို ကြားရသောအခါ နယ်စားလေး ပခုံးတွန့်လိုက်လေသည်။

'ခင်ဗျားပြောမှပဲ ကျုပ်က စိတ်ပျက်မသွားတဲ့အပြင် ပိုပြီးတောင် စိတ်ဝင်စားလာမိသေးတယ်၊ သခင်မလေးကို တွေ့ဖြစ်အောင်သွားတွေ့ဖို့ ကျုပ်ဆုံးဖြတ်လိုက်ပြီဗျ'

လှေငယ်ရှင် သက်ပြင်းချလိုက်လေသည်။

'သခင်မလေးကို သွားတွေ့ရင် ခင်ဗျားဒုက္ခရောက်သွားလိမ့်မယ်'

'ကိစ္စမရှိဘူး၊ ကျုပ်သေရမယ်ဆိုရင်လဲ အရေးမကြီးဘူး'

'ခင်ဗျား တော်တော် ခေါင်းမာပါလား'

ကျင်းလီက ဘာမှမပြောပဲ နေလိုက်လေသည်။

လှေငယ်ရှင်က မေးသည်။

'သခင်မလေးဆီကို ခင်ဗျားသွားလို့ ဘာအကျိုးထူးမှာလဲ'



'တူးတာပေါ့ဗျာ၊ လောကမှာ အကောင်းဆုံးပလွေသံကို နားထောင်ရမယ်လေ'

'ခင်ဗျား ဒုက္ခရောက်မှာကိုတော့ ထည့်မတွက်ဘူးလား'

'နေစမ်းပါဦး၊ ကျုပ်ဒုက္ခရောက်ရမယ်လို့ ခင်ဗျားဘာကြောင့် တစ်ထစ်ချပြောနေရတာလဲ'

လှေငယ်ရှင် သက်ပြင်းချလိုက်လေသည်။

'ဘာကြောင့်လဲဆိုရင် ချူးကျန်ဂိုဏ်းက သခင်မလေးရဲ့ ဖူးစာရှင်ရွေးပွဲကျင်းပတော့မယ်လို့ ကြေညာလိုက်ပြီပဲ'

'ဩော်...'

ကျင်းလီပိုပြီး စိတ်ဝင်စားသွားလေသည်။

'အလှမယ်လေး တစ်ပါးလည်းဖြစ်တယ်၊ လောကပေါ်မှာ အသာယာဆုံး ပလွေသံရှင်လေးလည်းဖြစ်တယ်ဆိုတော့ အင်း ကျုပ်တောင် စိတ်ဝင်စားလာပြီ'

လှေငယ်ရှင်က ကျင်းလီအား စိုက်ကြည့်လိုက်သည်။

'ဘာလဲ ခင်ဗျားက ဖူးစာရှင်ရွေးပွဲမှာ ဝင်ပြိုင်ချင်လို့လား'

နယ်စားလေး ရယ်မောလိုက်သည်။

'ကျုပ်လဲ လူငယ်တစ်ယောက်ပဲဗျာ....၊ စိတ်ဝင်စားတာ ဆန်းသလားဗျာ'

လှေငယ်ရှင် ခေါင်းခါယမ်းလိုက်သည်။
'ဒါ စိတ်ဝင်စားစရာမဟုတ်ဘူး၊ ဒုက္ခရောက်မယ် အရှက်တကွဲ အကျိုးနည်းဖြစ်ရမယ်'
ကျောင်းလီဘာမှ မပြောဘဲ နေလိုက်လေသည်။
လှေငယ်ရှင်က ဆက်၍ပြောသည်။

'ချူးကျန်းဂိုဏ်းနဲ့ သခင်မလေးရဲ့ဖူးစာရှင်ရွေးပွဲမှာ အနယ်နယ်အရပ်ရပ်က လူငယ်လူရွယ်တွေ ဝင်ရောက်ယှဉ်ပြိုင်ကြလိမ့်မယ်၊ သခင်မလေးကို ရယူပိုင်ဆိုင်လိုတဲ့စိတ်ကြောင့် ပြဿနာအမျိုးမျိုးဖြစ်ပေါ်လာမှာအမှန်ပဲ၊ ခင်ဗျားနောက်ဆုတ်ဖို့အချိန်ရသေးတယ်'

နယ်စားလေးက ပြုံးနေဆဲ။
'ခင်ဗျားက ရှေ့ဆက်တိုးမယ် ဟုတ်လား'
'ဟုတ်တယ်'
နယ်စားလေးက ချက်ချင်းအဖြေပေးလိုက်သည်။

'ဒါဆိုရင်တော့ ဟောဒီဖိတ်စာ ခင်ဗျားအတွက် လိုအပ်လိမ့်မယ်'

လှေငယ်ရှင်သည် အင်္ကျီရင်ဘတ်ကြားမှ ဖိတ်စာတစ်စောင် နှိုက်ယူကာ ပစ်ပေးလိုက်လေသည်။
ဖိတ်စာသည် ရိပ်ခနဲ ရွေ့လျားကာ အနီးသို့ရောက်လာလျှင် ကျောင်းလီက အသာအယာ ဖမ်းယူထားလိုက်လေသည်။



'သည်ဖိတ်စာပါမှ ချူးကျန်ဂိုဏ်းသခင်မလေးရဲ့ ကြင်ယာတော်ရွေးပွဲကို တက်ရောက်ခွင့်ရလိမ့်မယ်၊ ခင်ဗျား ကံကောင်းပါစေလို့ ကျုပ်ဆုတောင်းပါတယ်ဗျာ'
လှေငယ်ရှင်သည် ကျောင်းလီက နှုတ်ဆက်ကာ ချာခနဲ လှမ်းပြီး ပြေးထွက်သွားလေသည်။
တစ်ခဏအတွင်းမှာပင် ကျောင်းလီကို မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

လှေငယ်ရှင်ထွက်သွားပြီးဖြစ်လေသည်။
ကျောင်းလီက သဘောကျစွာရယ်မောလိုက်လေသည်။
'ငါ့အပေါ်မှာ တော်တော်စေတနာထားတဲ့လူပဲ'
တီးတိုးရေရွတ်လိုက်၏။
တစ်ချိန်လုံး ငြိမ်သက်စွာရပ်နေသော ကောင်းဖုံ လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။
'နယ်စားလေး'
ခေါ်ရင်း ရှေ့တိုးလာလေသည်။
ကျောင်းလီ လှည့်ကြည့်လိုက်သည်။

'ဘာလဲ၊ တောင်ပိုင်းနယ်က ရေကန်ကြီး တစ်ကန်ထဲမှာ မမျှော်လင့်ဘဲတွေ့ခဲ့ရတဲ့လှေငယ်ရှင်အာစ်ယောက်ကို မယုံသင့်ဘူး ပြောမလို့ မဟုတ်လား'

ကောင်းဖုံ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်လာသော်လည်း ဘာမျှမပြောချေ။

နယ်စားလေးက ဆက်ပြောသည်၊

'တောင်ပိုင်းနယ်မှာတွေ့ခဲ့တယ်၊ အခု ဇင်ကျင်ခရိုင်မှာလာ၊ တွေ့ရတယ်၊ သူ့ရဲ့ လုပ်ဆောင်ချက်တွေဟာ မရိုးသားဘူး၊ သတိထားရမယ်လို့ ပြောချင်သေးတယ် မဟုတ်လား'

'ဟုတ်ပါတယ် နယ်စားလေး'

ယခုတစ်ကြိမ် ကောင်းဖုံ၏စကားသံ ထွက်ပေါ်လာသည်၊

နယ်စားလေးပြုံးလိုက်လေသည်၊

'ကောင်းဖုံ၊ ခင်ဗျားတောင် သတိပြုမိတယ်ဆိုရင် ကျုပ်က သတိမပြုမိဘဲနေပါ့မလားဗျာ'

ကောင်းဖုံ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်၊ ကျင်းလီက ဆက်ပြောလိုက်သည်၊

'သူ့မှာ အကြံအစည်တစ်ခုရှိမယ်၊ ကျုပ်ကို ဒုက္ခ ပေးချင်နေတယ်ဆိုရင်လဲ ကျုပ်က မမှုဘူး'

ကောင်းဖုံ ဦးညွှတ်လိုက်သည်၊



'နယ်စားလေးဟာ ဘယ်သူ့ကိုမှ မမှုဘူးဆိုတာကျုပ်သိပါတယ်၊ သူတို့တစ်ခုခု ကြံစည်နေမှန်းသိလျက်နဲ့....'

သူ၏စကားမဆုံးမီ ကျင်းလီက ကြားကဖြတ်ပြောလိုက်လေသည်၊

'ကောင်းဖုံ၊ ကျုပ်ရဲ့စိတ်ကို သိတယ်မဟုတ်လား၊ သူတို့လုပ်ချင်ရာလုပ်၊ ကျုပ်လဲ လုပ်ချင်ရာလုပ်မယ်'

ကောင်းဖုံးက ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျင်းလီက လှေငယ်ရှင်ပေးသွားသည့်ဖိတ်စာကို လရောင်ဖြင့် ကြည့်လိုက်လေသည်၊

အနီရောင်ဖိတ်စာလေးဖြစ်သည်။

ဖိတ်စာပေါ်တွင် ကြင်ယာလောင်းရွေးချယ်ပွဲဟု ရေးထားသည်၊

ဖိတ်စာကိုဖွင့်ကြည့်လိုက်သောအခါ....

'ချူးကျန်းဂိုဏ်းသခင်မလေး၏ ကြင်ယာလောင်းရွေးချယ်ပွဲသို့ ဤဖိတ်စာနှင့်အတူ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားပါသည်၊

လွတ်လပ်သော မည်သူမဆို ကြင်ယာလောင်းရွေးပွဲ၌ ပါဝင် ယှဉ်ပြိုင်ခွင့်ရှိပါသည်၊ ပြိုင်ပွဲ၌ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီပြီး ပါဝင်ယှဉ်ပြိုင်ရာ၌ ပထမရပိုလ်စွဲမည်ဆိုပါက သခင်မလေး၏ ကြင်ယာတော်အဖြစ် ရွေးချယ်ခံရမည်ဖြစ်ပါသည်၊'

ဖိတ်စာတွင် စည်းကမ်းချက်များနှင့်အတူ ကျင်းပမည့် နေရာ၊ နေ့ရက်၊ အချိန်များ ရေးသားထားလေသည်။

ကျင်းလီ နှာခေါင်းရှုံ့လိုက်လေသည်။

'တော်တော်ကြီးကျယ်တဲ့ ချူးကျန်းဂိုဏ်းပဲ'

ဖြစ်တင်ဝေဖန်လိုက်သည့် ဖိတ်စာ၏ နောက်ကျောဘက်သို့ အမှတ်တမဲ့ လှန်လှောကြည့်လိုက်မိသောအခါ....

'ဟိုက်'

ကျင်းလီ အသံထွက်သွားအောင်ပင် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

ဖိတ်စာနောက်ကျောဘက်၌ မိန်းကလေးတစ်ယောက်၏ ပုံတူ ရေးဆွဲထားလေသည်။

နန်းဝတ်နန်းစားဖြင့် ကြော့ရှင်းလှပသော မိန်းကလေး တစ်ယောက်ဖြစ်သည်။

ထိုမိန်းကလေး၏ ကိုယ်နေဟန်လေးက စွဲမက်စရာကောင်းသလို မျက်နှာလေးကလည်း ချစ်ရဖွယ် ကောင်းလှပေသည်။

ချုံ၍ပြောရလျှင် နတ်မိမယ်တမျှ ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်နေပါတော့သည်။

ကျင်းလီသည် မိန်းကလေး၏ ညှို့မျက်ဝန်းကို ငေးကြည့်နေမိ၏၊ အလှနတ်သမီး၏ ဖမ်းစားခြင်း ခံရသူပမာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည်။



မိန်းကလေး၏ ရုပ်ပုံမှ မျက်လုံးမခွာနိုင်တော့ပါ။

ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များသည် ဖြစ်ပေါ်နေပါတော့သည်။

ကောင်းဖု' ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'နယ်စားလေး ဘာဖြစ်လို့လဲ'

သူ၏ မေးစကားကြားတော့မှ ကျင်းလီ သတိဝင်လာလေသည်။

ဟူးခနဲ သက်ပြင်းရှည်ကြီး ချလိုက်လေသည်။

ဖိတ်စာက အင်္ကျီ ရင်ဘတ်ကြား၌ သိမ်းဆည်းထားလိုက်သည်။

လောကကြီးအား ထီမထင်သည့် မျက်နှာပေး မရှိတော့ဘဲ ထူးထူးခြားခြားလေး တည်ကြည် လေးနက်သည့်အသွင် ဖြစ်သွားသည်။

ကျင်းလီပြောင်းလဲသွားသော အမူအရာကြောင့် ကောင်းဖု နားမလည်နိုင်အောင်ဖြစ်နေရပါတော့သည်။

ကျင်းလီက ကောင်းဖု ကို ကြည့်လိုက်သည်။

'လှေငယ်ရှင်နဲ့ တွေ့ခဲ့တဲ့ အဖြစ်အပျက်ဟာ ထောင်ချောက် တစ်ခုဖြစ်ဖို့များဘယ်၊ ဒါပေမယ့် ကျုပ် ဂရုမစိုက်ဘူး၊ အတွေ့အကြုံအသစ်တစ်ခု ရတာလို့ပဲ သဘောထားခဲ့တယ်၊ ခုတော့ တစ်မျိုးဖြစ်သွားပြီ'

'ဘယ်လိုများလဲ နယ်စားလေး'

ကောင်းဖု အလွှာတကြီးမေးလိုက်လေသည်။

ကျင်းလီကတစ်လုံးချင်းပြောသည်။

'ထောင်ချောက်ပဲ ဖြစ်ပါစေ၊ ကျုပ်ရဲ့အသက်သေဆုံးသွားရမယ့်ကိစ္စပဲ ဖြစ်ပါစေ ကြင်ယာရွေးပွဲကို ကျုပ် ရောက်အောင်သွားမယ်၊ ပြိုင်ဘက်တွေ အားလုံးကို အနိုင်ယူပြီး ချူးကျန်းသခင်မလေးကို ရအောင်ယူမယ်၊ ကျုပ် ဆုံးဖြတ်ပြီးပြီ'

ကောင်းဖုံမှာ ကြားလိုက်ရသောစကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

'ခွပ်....ခွပ်....ခွပ်'
'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ စည်းချက် ဝါးချက်ကျကျ ထွက်ပေါ်နေသည်၊

မြင်းလှည်းတစ်စီးသည် မြေနီလမ်းကလေးအတိုင်း ခရီးနှင်နေလေသည်၊

မြင်းလှည်း မောင်းနှင်လာသူမှာ အဘိုးအိုတစ်ယောက်ဖြစ်သည်၊

မြင်းလှည်းဆွဲသည့် မြင်းနှစ်ကောင်မှာလည်း ပိန်ချုံးချည့်နဲ့နေလေသည်။



ထိုမြင်းလှည်းပေါ်တွင် တောင်ပိုင်းနယ်စားလေး ကျင်းလီစီးနင်းလိုက်ပါလာသည်ဟုဆိုလျှင် မည်သူကမှ ယုံကြည်နိုင်ကြမည် မဟုတ်ပါချေ၊

မြင်းလှည်းပေါ်၌ နယ်စားလေးကျင်းလီ အမှန်တကယ်စီးနင်းလိုက်ပါလာခြင်းဖြစ်လေသည်၊

ကောင်းဖုံသည်လည်း ကျင်းလီနှင့် မြင်းလှည်းပေါ်တွင် အတူတကွ စီးနင်း လိုက်ပါလာရခြင်းကြောင့် မဝံ့မရဲ ဖြစ်နေသည့် လမ်းခရီးတစ်လျှောက်လုံး စိတ်ကျဉ်းကျပ်နေပုံ ရတော့သည်၊

ကျင်းလီက ဘာကိုမှ ဂရုမထားပါ၊

မြင်းလှည်း အိမ်နံရံကို ကျောမှီကာ မျက်လုံးမှိတ်၍ လိုက်ပါလာသည်၊

မျက်လုံးမှိတ်ထားသည့်တိုင် ချူးကျန်းသခင်မလေး၏ မျက်နှာလေးကို မြင်ယောင်နေပါသည်၊

ချူးကျန်သခင်မလေးသက် သူ့အား လွှမ်းမိုးသွားပြီ ဖြစ်လေသည်။

ယခု....

သူတို့သည် မြင်းလှည်းတစ်စီးငှားရမ်းကာ ချူးကျန်တောင်သို့ ဦးတည်ခရီးနှင်နေခြင်းဖြစ်လေသည်၊

ကျောင်းလီမှာ လှုပ်ရှားသွားလာခြင်းမရှိတော့ဘဲ တစ်ချိန်လုံး ချူးကျန် သခင်မလေး အကြောင်း တွေးလို့ နေသည် ဖြစ်ကာ မြင်းလှည်းကို ငှားရမ်းလိုက်ခြင်းဖြစ်ပါတော့သည်။

မြင်းလှည်းဖြင့် ခရီးနှင်လာရင်း အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

နေမွန်းတည့် အချိန်သို့ပင်ရောက်လာရာ မြင်းလှည်းအိမ်ထဲ၌ ပိတ်မှောင် မွန်းကျပ်လာသည်။

ကောင်းဖုံ၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ရွှဲလာသည်။ သူ၏ ဝမ်းဗိုက်ထဲ၌ တကြုတ်ကြုတ်မြည်အောင် ဆာလောင်နေသော်လည်း စကားတစ်လုံးမျှ မပြောချေ။

ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံနိုင်ရည်မရှိလျှင် နယ်စားလေးအတွက် အသက်အသေခံဝံ့သူ ဖြစ်နိုင်တော့မည် မဟုတ်ချေ။

ကျောင်းလီကား လှောင်အိုက် မွန်းကျပ်မှုကိုလည်းကောင်း၊ ဆာလောင်မွတ်သိမ့်မှုကိုလည်းကောင်း ခံစားရပုံမပေါ်ပါ။

သူ့အား ချူးကျန်းသခင်မလေးက လွှမ်းမိုးထားပြီးအရာရာအားလုံးကို မေ့လျော့သွားစေခဲ့သည် မဟုတ်ပါလား။

မည်သို့ဆိုစေ....

မြင်းလှည်းမောင်းသော အဘိုးအိုနှင့် မြင်းနှစ်ကောင်သည်ကား ပူအိုက်မှုကိုလည်းကောင်း၊ ဆာလောင်မှုကိုလည်းကောင်း ခံနိုင်ရည် မရှိကြပါ။



'ဟေး ဟေး'

အဘိုးအိုက မြင်းများကိုအော်ငေါက်ကာ မြင်းလှည်းကို ရပ်တန့်လိုက်သည်။

မြင်းလှည်း ရပ်သွားသဖြင့် ကောင်းဖုံက ပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်သလို ကျောင်းလီလည်း မျက်လုံးပွင့်လာလေသည်။

မြင်းလှည်းမောင်းသော အဘိုးအိုက ကောင်းဖုံအား လှမ်းပြောသည်။

'နေအတော်ပြင်းတယ်၊ မြင်းတွေကို ခဏလောက် အနားပေးမှဖြစ်မယ်၊ ကျုပ်လဲ သိပ်ဆာနေပြီ၊ ထမင်းစားလိုက်ဦးမယ်၊ မောင်ရင်လေးတို့ကော'

ကောင်းဖုံက ခေါင်းခါပြလိုက်လျှင် မြင်းလှည်းမောင်းသည့် အဘိုးအိုထွက်သွားလေသည်။

ကောင်းဖုံက မလှုပ်မယှက်ထိုင်နေလိုက်သည်။

ကျောင်းလီ သက်ပြင်းချလိုက်လေသည်။

'အတော်ကိုပူအိုက်တာပဲ၊ သိပ်လဲဆာနေပြီ၊ တစ်ခုခုစားကြရင်ကောင်းမယ်'

စကားဆုံးလျှင် မြင်းလှည်းတံခါးကိုဖွင့်ကာ အောက်သို့ဆင်းလိုက်သည်။

ကောင်းဖုံ ပါလိုက်သွားသည်။

နှစ်ယောက်သား မြေပေါ် ခြေချမိလိုက်လျှင် ခရီးသည်များ ခရီးဆစ်ထောင့်နားသည့် ကြားစခန်းလေးဟစ်ခုသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကြားစခန်းလေးများ စည်စည်ကားကားရှိနေပါသည်၊

ခရီးသည်တို့၏ မြင်းလှည်းများ၊ မြင်းများကို အရိပ်ကောင်းသော သစ်ပင်များ၌ ရပ်တန့်ထားသည်ကိုတွေ့ရလေသည်၊

ကြားစခန်းတွင် အဆောက်အဦး ဆယ့်လေးငါးလုံးရှိပြီး ထမင်းဆိုင်၊ အရက်ဆိုင်၊ အသုံးအဆောင်ပစ္စည်း ရောင်းချသည့်ဆိုင်၊ ပါယီဘည်းခိုခန်း စသည်စသည်ဖြင့် စုံလင်လှပေသည်၊

သွားလာလှုပ်ရှားနေသူများ၊ စားသောက်နေကြသူများ ဈေးသည်များသည်း ပျားပန်းခတ်မျှရှိနေသည်၊

ကျောင်းလီက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ဝဲဘက်တစ်နေရာရှိ စားသောက်ဆိုင်လေး တစ်ဆိုင်ကို ညွှန်ပြလိုက်သည်၊

'အဲ့ဒီဆိုင်ကိုသွားမယ်'



'ကောင်းပါပြီ'

ကောင်းဖုံသည် ကျောင်းလီလုပ်သမျှ အကောင်းချည်းမြင်နေသည်။

နှစ်ယောက်သား စားသောက်ဆိုင်လေးသို့ ရောက်သွားသောအခါ လူစည်ကားနေသည်ကိုတွေ့ရလေသည်၊

ဆိုင်လုလင်တစ်ယောက်ကကြိုဆိုပြီး စားပွဲတစ်လုံး၌ နေရာချပေးလေသည်၊

ကောင်းဖုံက မတ်တတ်ရပ်နေမည်ပြုရာ ကျောင်းလီ၏အဘင်း ထိုင်ခိုင်းရလေသည်၊

ဆိုင်လုလင်များသည် ကျောင်းလီမှာကြားသော စားစရာများ လာချပေးသည်၊

ကျောင်းလီက ကောင်းဖုံကို မျက်ရိပ်ပြကာ စားသောက်လိုက်သည်၊

ကောင်းဖုံ မငြင်းပါ၊ ကျောင်းလီ စားခိုင်းလျှင် စားမည်သာ ဖြစ်သည်။

နှစ်ယောက်သား ခပ်သွက်သွက် စားသောက် လိုက်ကြပြီး ကောင်းဖုံတပင် ငွေရှင်းလိုက်လေသည်၊

သူတို့ ထိုင်ရာမှ ထရန်ဟန်ပြင်လိုက်စဉ် တစ်ဖက်စားပွဲဝိုင်းမှ ထွက်ပေါ်လာသော စကားသံကြောင့် ကျောင်းလီက ဆက်၍ထိုင်နေပြီး ကောင်းဖုံကိုလည်း ထိုင်နေခိုင်းလိုက်သည်၊

ကျောင်းလီ ကြားလိုက်ရသော စကားသံမှာ....

'ချူးကျန့်တောင်ကိုရောက်ဖို့ သိပ်မဝေးတော့ဘူးကွ'

ဟူ၍ ဖြစ်လေသည်၊

ကျင်းလီအကဲခတ်ကြည့်လိုက်သောအခါ လူရွယ်ငါးယောက် ဝိုင်းဖွဲ့ကာ စားသောက်နေသည်ကို တွေ့ရလေသည်။

ထိုလူရွယ်ငါးယောက်မှာ ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားကြသကဲ့သို့ ခါးလှံ လက်နက်များ ဆောင်ထားကြသဖြင့် သိုင်းလောကသားများဖြစ်ကြောင်း ထင်ရှားနေပါတော့သည်၊

ကျင်းလီ စိတ်ဝင်စားသွားလေသည်၊

'ချူးကျန့်တောင်ကို သွားကြမယ့် သိုင်းသမားတွေထင်တယ်'

တွေးပြီး မသိမသာ အကဲခတ်ကြည့်နေလိုက်လေသည်၊

လူငယ်ငါးယောက်အား မည်သူ့ကိုမှအမှုမထားဘဲ အချင်းချင်း ပြောဆိုနေကြလေသည်၊

'ချူးကျန့်တောင်ကို ရောက်ရင် သတိတော့ ထားရမယ်၊ ကြင်ယာလောင်းရွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့်လူတွေ မနည်းဘူး'

'ဟုတ်တယ်၊ အနယ်နယ်အရပ်ရပ်ကို ဖိတ်စာဖြင့် ဝေထားတယ်လို့သိရတယ်၊ အနည်းဆုံး လူတစ်ရာကျော်လောက်တော့ ပါဝင်ယှဉ်ပြိုင်ကြလိမ့်မယ်'

'တို့ငါးယောက် ကြိုတင်ပြီး ကတိတစ်ခု ထားရအောင်'

'ဘာများလဲကွ'



'ဘယ်သူကလဲ ချူးကျန်းသခင်မလေးရဲ့ဖူးစာရှင် ဖြစ်သွားပါစေ၊ ကျန်တဲ့လူတွေက ကြည်ဖြူရမယ်၊ စိတ်ဝမ်းတွေ မကွဲရဘူး'

ကျင်းလီသည် နားထောင်ရင်း မျက်နှာပြုံးစေ့စေ့ ကြည့်ကာ မအောင့်အီးနိုင်တော့ဘဲ ရယ်မောလိုက်လေသည်၊

'ဟား ဟား ဟား'

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာရာ အားလုံးက လှမ်းကြည့်လာကြလေသည်။

ကျင်းလီက အမှုမထားဘဲ ရယ်မောသံတိတ်သည်၊

'ကျုပ်တို့ သွားကြပါစို့'

ကောင်းဖုံးအား လှမ်းပြောပြီး ထိုင်ရာမှထကာ ထွက်သွားရာ ကောင်းဖုံးလည်း လိုက်သွားလေသည်၊

သူတို့နှစ်ယောက် ဆိုင်အပြင်ဘက်သို့ ရောက်သွားကြလေမှ လူရွယ်ငါးယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေ၏၊

တစ်ယောက်က ပြောသည်။

'ဟိုကောင်လေးက ဘာသဘောနဲ့ ရယ်တာလဲ၊ ငါတို့ကို လှောင်ပြောင်တဲ့သဘောလား'

'ဖြစ်နိုင်တယ်ကွ၊ ငါတို့ကိုကြည့်ပြီး ရယ်နေတာ'

တစ်ယောက်က ထောက်ခံလိုက်သည်၊

'တောက်'

အခြားတစ်ယောက်ကမူ တက်ခေါက်ကာ ဒေါသတကြီး ပြောလေသည်၊

'ငါတို့ကို လှောင်ပြောင်ရယ်မောတာဆိုရင် ခေါင်းငုံ့ခံနေလို့မဖြစ်ဘူး မှတ်လောက်သားလောက်ဖြစ်အောင်တော့ ဆုံးမရမှာပဲ'

'ဟုတ်တယ်၊ ဟုတ်တယ်'

'တို့လိုက်သွားပြီး မေးကြည့်မယ်၊ ငါတို့ကို လှောင်ပြောင်ရယ်မောတာဆိုရင် ဆုံးမကြတာပေါ့'

ငါးယောက်သား ထိုင်ရာမှထကာ ဆိုင်အပြင်ဘက် ပြေးထွက်သွားကြလေသည်၊

ဆိုင်အပြင်ရောက်လျှင် ကျောင်းသီနှင့်ကောင်းဖုံးတို့က မြင်းလှည်းပေါ်သို့ တက်သွားကြပြီဖြစ်၍ မတွေ့ရတော့ပါချေ။

လူရွယ်ငါးယောက်က ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်ကြသည်၊

ထိုစဉ် လမ်းဘေးသစ်ပင်များကြား ခိုဝင်သွားသူ တစ်ယောက်အား တွေ့မြင်လိုက်ရသောအခါ ကျောင်းသီတို့ဟု ထင်မှတ်သားပြီး....

'မြန်မြန်လာဟေ့'

သစ်ပင်များကြားသို့ ပြေးသွားလိုက်ကြလေသည်။



လူရွယ်ငါးယောက် သစ်ပင်များကြားသို့ ရောက်ရှိသွားကြသောအခါ အသက်လေးဆယ်ခန့်ရှိ အနက်ရောင် ဝတ်ထားသူ တစ်ယောက်အား တွေ့မြင်လိုက်ရလေသည်၊

လူရွယ်များ ကျေမနပ် ဖြစ်သွားကြလေသည်၊

'ဟိုကောင် ဘယ်ရောက်သွားသလဲ မသိဘူး'

တစ်ယောက်က ရေရွတ်လိုက်သည်။

အခြားတစ်ယောက်က မြေပေါ် ဖနောင့်ပေါက်လိုက်လေသည်း

'ဒီကောင်ကို တွေ့အောင်ရှာပြီး ဆုံးမရမှ ငါကျေနပ်နိုင်မယ်'

ထိုစဉ်....

'မင်းတို့ ဘယ်သူ့ကိုလိုက်ရှာနေတာလဲ'

အနက်ရောင်ဝတ်ထားသူ၏ စကားသံ ထွက်ပေါ်လာလေသည်၊

လူရွယ်ငါးယောက်သည် ထိုလူအား တစ်ချက်လှမ်းကြည့်လိုက်ကြပြီး ဂရုမစိုက်ဘဲ သစ်ပင်များကြားမှ ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

'မင်းတို့က အပြာရောင်ဝတ်ထားတဲ့လူငယ်လေးတစ်ယောက်ကို လိုက်ရှာနေကြတာ မဟုတ်လား'

အနက်ရောင်ဝတ်ထားသူ၏ စကားသံ ထွက်ပေါ်လာလေသည်။

'ဟင်'

လူရွယ်ငါးယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေတော့သည်၊

'ခင်ဗျားဘယ်လိုလုပ် သိတာလဲ'

တစ်ယောက် လှမ်းမေးသည်၊

အနက်ရောင်ဝတ်ထားသူက လူရွယ် ငါးယောက် ဘက်သို့ မျက်နှာလှည့်လာသည်။

ထိုလူမှာ ဟန်အမူအရာကင်းမဲ့ပြီး အေးစက်ခက်ထန်သော မျက်နှာထားရှိသူ ဖြစ်နေသည်၊

သူ၏ခန္ဓာကိုယ်မှ ထူးခြားသည့် အန္တရာယ်များ ထွက်ပေါ်နေသည်ဟု လူရွယ်ငါးယောက် ယခုမှ သတိပြုမိလိုက်ကြလေသည်။

ထိုလူရွယ်က အေးတိအေးစက် ပြောလာသည်၊

'အပြာရောင်ဝတ်ထားတဲ့ လူငယ်လေးနဲ့ မင်းတို့ဝေးဝေးရှောင်ကြတာ အကောင်းဆုံးဖြစ်လိမ့်မယ်'



လူရွယ်ငါးယောက် မကျေမနပ်ဖြစ်သွားကြလေသည်၊

'ကျုပ်တို့ကိုလာပြီး ခြိမ်းခြောက်နေတာ ဘာသဘောလဲ'

'ကျုပ်တို့က ကြောက်နေရမှာလား'

'ခင်ဗျား ဘယ်သူလဲ'

တစ်ယောက်တစ်ပေါက် ပြန်လည်အော်ငေါက်လိုက်ကြလေသည်၊

အနက်ရောင်ဝတ်ဆင်ထားသူ၏မျက်လုံးများ ပို၍ အေးစက်သွားလေသည်၊

'မင်းတို့ ဒုက္ခရောက်ချင်ကြပြီထင်တယ်'

လူငယ်ငါးယောက်ဟာ နဂိုကပင် ဒေါသထွက်နေကြသလို ဆတ်ဆတ်ထိ မခံကြသူများ ဖြစ်ရကာ....

'ငါတို့ကိုလာပြီး စော်ကားနေတာကွ'

'ကြားတယ်၊ ဆုံးမလိုက်ကွာ'

ငါးယောက်အား အနက်ရောင်ဝတ်ထားသူအား ဝိုင်းရံထားလိုက်ကြလေသည်၊ အနက်ရောင်ဝတ်ထားသူ သက်ပြင်းချလိုက်သည်။

'ကျုပ်က မင်းတို့ကို သတိပေးပြီးပြီ၊ ကျုပ်ကို အဆိုမဆိုးနဲ့တော့'

စကားအဆုံးတွင် ခန္ဓာကိုယ်ချာခနဲ လှည့်လိုက်လေသည်၊

သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန် လွန်းလှသည်၊

'ဟူး ဟူး ဟူး'

အဝတ်အစား လေအိုးသံများထွက်ပေါ်လာကာ လူငယ် ငါးယောက်၏မျက်လုံးထဲ၌ အနက်ရောင်လေးတစ်ခုအား တွေ့ မြင်လိုက်ရသကဲ့သို့ ဖြစ်သွားသည်၊

သူတို့၏ပခုံးပေါ်မှ အဓိကကျသော သွေးကြောနေရာများ တွင် စစ်ခနဲ ထုံကျဉ်သွားသည်ဟုလည်း ခံစားလိုက်ကြရလေ သည်၊

အခြေအနေမဟန်မှန်း တွေးမိလျှင် တိုက်ခိုက်ရန် ဟန်ပြင် လိုက်ကြလေသည်။

သို့သော် သူတို့၏ ခြေလက်များလှုပ်ရှားလို့ မရတော့ပါ၊

မျက်စိတစ်မှိတ်လျှပ်တစ်ပြက် အချိန်အတွင်း၌ သွေးကြောပိတ် ခံလိုက်ရပြီ ဖြစ်ပါသည်။

လူငယ် ငါးယောက် တောင့်တောင့်ကြီး ဖြစ်သွားကြပြီး နောက် အနက်ရောင်ဝတ်ထားသူလည်း မြင်ကွင်းမှ ပျောက် ကွယ်သွားလေတော့သည်၊

ထို ထူးခြားသောဖြစ်ရပ်အား မြင်းလှည်းအိမ်ထဲ ရောက်ရှိ နေပြီ ဖြစ်သော ကျင်းလီ လုံးဝမသိလိုက်ရချေ။



ကျင်းလီသည် မြင်းလှည်းအိမ်နံရံကိုမှီကာ မျက်လုံးမှိတ်ထား လိုက်လေသည်၊

သူ၏မျက်လုံးထဲ၌ ချူးကျန်းသခင်မလေး၏ မျက်နှာကိုသာ မြင်ယောင်နေမိလေတော့သည်၊

မြင်းလှည်းမောင်းသော အဘိုးအိုသည် ထမင်းစားပြီးပြီ ဖြစ်သလို မြင်းနှစ်ကောင်ကိုလည်း အစာရေစာကျွေးမွေးကာ အမောအပန်း ပြေစေပြီးနောက် ခရီးဆက်ရန် ပြင်ဆင်လိုက် လေတော့သည်၊

## ဓားပေါက သိုင်းကျမ်း

ချူးကျန်းတဲ့လား....

ချူးကျန်းတောင်သို့ သွားသည့်လမ်းတွင် ချောင်းတစ်ခုရှိနေပြီး ချူးကျန်းတံတားဟူသော ချောင်းကူးတံတားတစ်ခုရှိသည်။

ယခု....

ချူးကျန်းတောင် ကြင်ယာလောင်းရွေးပွဲသို့ လာရောက်သူများအား စစ်ဆေးသည့် စခန်းတစ်ခုကို ချူးကျန်းတံတား၌ ဖွင့်လှစ်ထားလေသည်။



ကျင်းလီတို့သည် ချူးကျန်းတံတားသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

'ဟေး ဟေး'

မြင်းလှည်းမောင်းသော အဘိုးအိုသည် မြင်းများကို အော်ငေါက်ကာ မြင်းလှည်းကို ရပ်တန့်လိုက်သည်။

တစ်ဖန်....

'ဆရာလေးတို့၊ ဒီနေရာကဆင်းပြီး လမ်းလျှောက်သွားကြပေတော့ဗျို့'

ကျင်းလီတို့အား အော်ပြောလာလေသည်။

ကျင်းလီနှင့် ကောင်းဖုံတို့သည် မြင်းလှည်းပေါ်မှ ဆင်းကာ ကျသင့်ငွေပေးပြီး ချောင်းကူးတံတားဆီသို့ လှမ်းသွားလေသည်။

ချောင်းတစ်ဖက်ကမ်း၌ ယာယီဆောက်လုပ် ထားသော မဏ္ဍပ်များ ရှိနေပါသည်။

ချူးကျန်းတောင်သို့ ရောက်ရှိလာသူများအား ကြိုဆိုကာ နေရာချပေးသည်။

လိုလေသေးမရှိ ညှော်ခံကျွေးမွေးကာ ပြုစုစောင့်ရှောက်ကြသည်။

ကျင်းလီသည် ချောင်းကူးတံထားဘက်သို့ လှမ်းကြည့်လိုက်ပြီး ပြုံးလိုက်သည်။

'တော်တော်စည်ကားနေပါလား'

'နယ်စားလေး၊ ကျုပ်တို့ အချိန်မီနောက်ကြောင်းလှည့်ပြန်သွားကြရင် ကောင်းမယ်'

သူ၏စကားကြားလျှင် ကျင်းလီ ဒေါပွသွားတော့သည်။

ကောင်းဖုံအား မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ အော်ပြောလိုက်လေသည်။

'ကျုပ်က ချူးကျန်းတောင်သခင်မလေးကို ရအောင်ယူမယ်လို့ ပြောပြီးပြီ၊ နောက်ကြောင်းလှည့်ပြန်ဖို့ သတိပေးတာ ကျုပ်ကို စော်ကားတာပဲ၊ ကောင်းဖုံ ခင်ဗျားပြန်တော့'

'နယ်စားလေး'

ကောင်းဖုံ အလန့်တကြား ဖြစ်သွားသည်။

'ခင်ဗျား ပြန်တော့'

'ကျုပ် ကျုပ်မှားပါတယ် နယ်စားလေး'

ကောင်းဖုံက ချက်ချင်း မြေပေါ်ဒူးထောက် တောင်းပန်လိုက်သည်။

ကျင်းလီက ခေါင်းမာသူ၊ ဇွတ်တရွတ်နိုင်သူ ဖြစ်ပါတော့သည်။

'ကျုပ်ရဲ့အမိန့်ကိုတောင် ခင်ဗျား နားမထောင်တော့ဘူးပေါ့၊ ဟုတ်လား'

ကောင်းဖုံ အံကြိတ်လိုက်သည်။

'ကျုပ်မှားပါတယ် နယ်စားလေး၊ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်စေချင်ပါတယ်၊ နောက်တစ်ကြိမ်ဆိုရင် သေဒဏ်အပြစ်ပေးပါ နယ်စားလေး'



ထိုစကားကြောင့် ကျင်းလီ အနည်းငယ်စိတ်ပြေသွားလေသည်။

'ကောင်းပြီ၊ တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ ဒါပေမယ့် ခင်ဗျားလိုက်လာရင် ကျုပ်အတွက် စိတ်အနှောင့်အယှက် ဖြစ်ရမှာမို့ ကျုပ်နဲ့အတူ လိုက်ခွင့်မပြုနိုင်ဘူး'

'ခင်ဗျား ဒီဘက်မှာပဲ နေခဲ့ရမယ်'

ကောင်းဖုံ မျက်နှာပျက်သွားလေသည်။

'နယ်စားလေး ကျုပ်....'

ခင်ဗျား ထပ်ပြီးစောဒကတက်မယ်ဆိုရင် ကျုပ် လက်ခံတော့မှာ မဟုတ်ဘူး၊ ဒီဘက်မှာနေခဲ့ပါ၊ ကျုပ်က ချူးကျန်းသခင်မလေးကို ခေါ်သွားတဲ့အခါ သက်တောင့်သက်သာ လိုက်နိုင်အောင် မြင်းလှည်းတစ်စီး စီစဉ်ထားလိုက်ပါ'

'ကောင်းပါပြီ၊ သခင်မလေး'

ကောင်းဖုံ မတတ်သာဘဲ သဘောတူလိုက်ရသည်။

ကျင်းလီက ကောင်းဖုံအား လုံးဝ အမှုမထားတော့ဘဲ ကျောခိုင်းကာ ချောင်းကူးတံတားလေးဆီသို့ လှမ်းသွားလိုက်တော့သည်။

ချောင်းကူးတံတားလေးအတိုင်း လူရွယ်အချို့က ဖြတ်သန်းသွားကြ၏။ တစ်ဖက်ကမ်း၌ ချုံးကျန်းဂိတ်းမှ လူများသည် ရောက်ရှိလာကြသည့် လူရွယ်များအား မေးမြန်းစစ်ဆေးကာ ညှော်ခံကြိုဆိုကြလေသည်။

အထူးသဖြင့် ချုံးကျန်းဂိတ်းမှ ဖြန့်ဝေထားသော အနီရောင် ဖိတ်စာပါမပါ စစ်ဆေးခြင်းဖြစ်လေသည်။

ထိုဖိတ်စာပါမှသာလျှင် လက်ခံခြင်းဖြစ်လေသည်။

ကျင်းလီသည် လှေငယ်ရှင်၏မျက်နှာကို မြင်ယောင်လာမိလေသည်။

အနီရောင်ဖိတ်စာသည် အရေးပါသောဖိတ်စာဖြစ်ကြောင်း ထင်ရှားနေပါသည်။

လှေငယ်ရှင်သည် ထိုအရေးပါသော ဖိတ်စာကို မည်သို့မည်ပုံ ရရှိလာပါသနည်း။

ကျင်းလီသည် တံတားပေါ်မှဖြတ်သွားသော လူငယ်လူရွယ်များကိုလည်းကောင်း၊ စစ်ဆေးမေးမြန်းနေကြသူများလည်းကောင်းကြည့်ရင်းစိတ်ရှုပ်သွားလေသည်။

တောင်ပိုင်းနယ်တွင်ဩဇာတိက္ကမအကြီးဆုံးလူတစ်ယောက်ဖြစ်ရာ တန်းစီစစ်ဆေးမေးမြန်းခြင်းခံရသည့်အဖြစ်ကို မနှစ်မြို့နိုင်ပါတော့။

ထို့ကြောင့်....



တွေးတောစဉ်းစားမနေတော့ဘဲ....

'ဟိတ်'

ညာသံတစ်ချက်ပေးကာ မြေပေါ် ခြေဆောင့်ခုန်ထွက်လိုက်သည်။

'ဟူး'

လေတိုးသံ ထွက်ပေါ်လာလေသည်။

ကျင်းလီသည် ချောင်းကလေးကို ကျော်ဖြတ်ကာ တစ်ဖက်ကမ်းသို့ ရိပ်ခနဲ ရောက်ရှိသွားလေသည်။

သူ တစ်ဖက်ကမ်းမှ ခုန်ကူးလာသည့်အဖြစ်ကို လူတိုင်း တွေ့မြင်လိုက်ကြသည်တော့ မဟုတ်ပါချေ။

သူသည် ယာယီမဏ္ဍပ်များဆီသို့ လှမ်းသွားလိုက်သည်။

ထိုစဉ်....

'ညီလေးရဲ့ကိုယ်ဖော့ပညာ့အတော်ကောင်းတာပဲ'

စကားသံတစ်ချက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ ပြုံး၍ကြည့်နေသူတစ်ယောက်ကိုတွေ့လိုက်ရလေသည်။

ထိုလူမှာ ကျောင်းလီထက်အသက်ငါးနှစ်ခြောက်နှစ်ခန့်ပိုကြီးမည်ဟု ထင်ရသည်။

အဖြူရောင် အဝတ်အစားများ ချပ်ချပ်ရပ်ရပ် ဝတ်ထားသလို ဆံကေသာများကို သပ်ရပ်စွာ ဖီးလိမ်းပြုပြင်ထားသည့် ယောက်ျားပီသစွာ ချောမောခန့်ညားသော လုလင် တစ်ယောက်ဖြစ်လေသည်။

ကျောင်းလီသည် ထိုလုလင်ကို မြင်လျှင် ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာသော်လည်း သူက ကိုယ်ဖော့ပညာ အသုံးပြုကာ ချောင်းတစ်ဖက်ကမ်းမှ ခုန်ကူးလာသည်ကို သိရှိနေခြင်းကြောင့် မကျေမနပ်ဖြစ်သွားလေသည်။

'ကျုပ်ကိုပြောတာလားဗျ'

မသိဟန်ဆောင်ကာ ခပ်တည်တည်ပြန်မေးလိုက်လေသည်။ လုလင် ရယ်မောလိုက်သည်။

'ငါ့ညီက နောက်ပြောင် ကျီစယ် တတ်တာကိုး၊ ငါ့ညီကို မမေးလို့ ဘယ်သူ့ကို မေးရမှာလဲ'

'နေပါဦး၊ ခင်ဗျားဟာ ချူးကျန်းတောင်က လူတစ်ယောက်လား'



ကျောင်းလီက စူးစမ်းသလို မေးလိုက်ရာ လုလင်ကခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ပါဘူး ညီလေးရ'

'ဒါဖြင့် ခင်ဗျားနဲ့မဆိုင်ဘဲ ဘာကြောင့် ကျုပ်ကိုလာပြီး စစ်ဆေးမေးမြန်းနေတာလဲ'

'ဩော်....ဦးလေးက....'

'ကျုပ်ဘ●သာ ဘယ်လိုပဲလွှာလာ ခင်ဗျားနဲ့မဆိုင်ဘူး'

ကျောင်းလီက ဘုတောပြီး ချာခနဲလှည့်ထွက်သွားလေသည်။

ထိုလုလင်မှာ ကျောင်းလီ၏ အပြုအမူကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားသော်လည်း စိတ်မဆိုးဘဲပြုံးနေသည်။

ဆိုးသွမ်းသောညီငယ်လေးတစ်ယောက်အား ခွင့်လွှတ်လိုက်သည့် သဘောဖြစ်ပါတော့သည်။

ကျောင်းလီက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

တစ်ဖန် ဧည့်သည်များအတွက် ဆောက်လုပ် ထားသော ယာယီမဏ္ဍပ်များကို ကျော်ခိုင်းကာ အခြားတစ်ဖက် ခြေဦးလှည့်လိုက်သည်။

သူ၏ခြေလှမ်းများသည် ချူးကျန်းတောင်ပေါ်သို့ ဦးတည်နေသည်။

ကျင်းလီသည် ချူးကျန်းတောင်မှ အစောင့်အကြပ်များ၏ တားဆီး စစ်ဆေးမှုများကို လျစ်လျူရှုကာ ကိုယ့်သဘောနှင့် ကိုယ် တောင်ပေါ်သို့ တက်သွားလေတော့သည်။

ချူးကျန်းတောင်ပေါ်မရောက်မီ ချူးကျန်းဂိုဏ်းသားများ နေထိုင်သည့်အဆောက်အဦးများကို ဖြတ်ကျော်ကာ အပေါ်ဘက်သို့ တက်၍ဆက်သွားလျှင် တောင်ထိပ်ပေါ်၌ ဂိုဏ်းချုပ် နေထိုင်သော သီးသန့်အဆောက်အဦးနှင့် သိုင်းလေ့ကျင့်ရာမြေကွက်လပ်ရှိလေသည်။

ကျင်းလီသည် အစောင့်အကြပ်အတားအဆီးများကို ဖြတ်ကျော်ကာ တောင်ထိပ်ပေါ်သို့ရောက်ရှိလာလေသည်။

တောင်ပေါ်တွင် လူသူလေးပါးရှင်းနေသည်။

ဂိုဏ်းချုပ်နေထိုင်သည့် အဆောက်အဦးမှာ ခမ်းနားထည်ဝါစွာ တည်ရှိနေလေသည်။

ကျင်လီးသည် အကြောက်အလန့်မရှိ ဘာကိုမှအမှုမထားဘဲ အဆောက်ဦးဆီသို့လှမ်းလျှောက်လိုက်လေသည်။



မြေကွက်လပ်မှ ဖြတ်သန်းလျှောက်သွားစဉ် ထူးခြားမှုတစ်ခုကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသဖြင့် ခြေလှမ်း တုံ့ခနဲရပ်သွားလေသည်။

မျက်မှောင်ကြုတ်သွားပြီး သေသေချာချာကြည့်လိုက်လေသည်။

ကျင်းလီ တွေ့မြင်လိုက်သည်မှာ မြေကွက်လပ်၌ ရှိနေသော ကျောက်တုံးကြီးတစ်တုံးဖြစ်လေသည်။

ကျောက်တုံးကြီး သက်သက်ဆိုလျှင် ထူးခြားသည်ဟု မဆိုသာပါ။

ယခုတော့ လူတစ်ဖက်ခန့်ရှိ ကျောက်တုံးကြီးပေါ်၌ ဓား တစ်လက်ထိုးစိုက်ထားသည်ကိုတွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

'ဒါက ဘာသဘောပါလိမ့်'

ကျင်းလီ တွေးတောနေစဉ်မှာပင်....

'ဟူး ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်များရိပ်ခနဲ ရိပ်ခနဲရောက်ရှိလာပြီး ကျင်းလီအား ဝိုင်းရံထားလိုက်ကြလေသည်။

ကျင်းလီ ပြုံးလိုက်သည်။

သူ့အား ဝိုင်းရံထားသူများကို ကြည့်လိုက်သော အခါ ချူးကျန့်ဂိုဏ်း၏ အဆင့်မြင့် သိုင်းသမားများနှင့် အကြီးအကဲ အဆောင်အယောင် ဝတ်ဆင်ထားသူများဖြစ်ကြောင်း သတိပြု မိလိုက်သည်၊

အားလုံးပေါင်း ရှစ်ယောက်တိတိရှိသည်၊

ထိုလူများဝိုင်းရံထားသည့်သဏ္ဌာန်မှာရှစ်ကွက်အင်းသဏ္ဌာန် ရှိနေကြောင်း နယ်စားလေးသတိပြုမိလိုက်သည်။

သူ အကဲခတ်နေစဉ်မှာပင်....

'အတင့်ရဲလှချည်လား၊ ချူးကျန့် တောင်ပေါ်ကို တိုက် တဆိတ်တက်လာခဲ့တာ နည်းတဲ့သတ္တိမဟုတ်ဘူး'

ကြည်စာညောင်းသော ဖကားသံတစ်ချက် ထွက်ပေါ်လာ သည်၊

အဆောက်အအုံအတွင်းမှ အနီရောင်ဝတ် အဘိုးအို တစ် ယောက်လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုတစ်ယောက်တည်း ထွက်လာသည်တော့ မဟုတ် ပါ၊ နံဘေး၌မိန်းကလေးတစ်ယောက် ပါလာသကဲ့သို့ အခြေ အရံများလည်း ပါလာလေသည်၊



ချူးကျန့်ဂိုဏ်းချုပ် ကိုယ်တိုင်ထွက်လာခြင်း ဖြစ်ကြောင်း နယ်စားလေးရိပ်မိလိုက်သည်၊

မှန်ပေသည်၊

ထိုအဘိုးအိုမှာ ချူးကျန့်ဂိုဏ်းချုပ်စုအိမ်ဖြစ်သည်၊

စုအိမ်သည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော် ကြားသော သိုင်းသမားကြီးတစ်ယောက် ဖြစ်လေ၏၊

ချူးကျန့်ဂိုဏ်းသည် ဂိုဏ်းချုပ်စုအိမ်၏ဦးဆောင်မှုအောက် တွင် ခင်ကျခ ါရိုင်တွင် အထင်ရှားဆုံးဂိုဏ်းကြီးထင်ဂိုဏ်းဖြစ်လာ ခဲ့လေသည်၊

စုအိမ်၏နံဘေး၌ ပါလာသော မိန်းကလေးမှာ စုအိမ်၏ သမီးအလှမယ်လေး စုစုဖြစ်ပါသည်၊

ယခု ကြင်ယာတော်ရွေးပွဲ ပြုလုပ်ပေးခြင်းမှ စုစုအတွက် ဖြစ်သည်၊

နယ်စားလေးသည် ဂိုဏ်းချုပ်စုအိမ်ထွက်လာသည်ကို တွေ့ ရသော်လည်း အမူမထားပါချေ၊

စုအိမ်၏နံဘေးမှ အလှမယ်လေးစုစုကို တွေ့လိုက်ရသော

အခါ၌ကား စိတ်မထိန်းနိုင်အောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရင်ထဲတလှပ်လှပ် တုန်လာသည်။ ခြေဖျားလက်ဖျား အေးစက်လာသည်။ မောဟိုက်နှမ်းနယ်သလို ဖြစ်သည်။

ကျင်းလီသည် စုစုအား မျက်တောင်မခတ် ငေးကြည့်နေမိတော့သည်။

စုစုသည် ကျင်းလီနှင့် မျက်လုံးချင်းဆုံမိလိုက်ပြီး နောက် ချက်ချင်း မျက်လွှာချထားလိုက်လေသည်။

ကျင်းလီ၏ သွေးတိုးနှုန်း မြန်လာသည်။

'အလှမယ်လေးဟာ ငါ့အတွက်ပဲဖြစ်ရမယ်'

စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

ထိုခဏအချိန်လေးမှာပင် နယ်စားလေးသည် တိုက်ပွဲဝင်တော့မည့် စစ်သူကြီးတစ်ယောက်အသွင် ပြောင်းလဲသွားလေတော့သည်။

'ဟိတ်....ဂိုဏ်းချုပ်ကြီး၊ မေးနေတာ မကြားဘူးလား'

ဝိုင်းရံထားသူ ရှစ်ယောက်အနက် တစ်ယောက်က အော်ဝေါက်လာတော့မှ နယ်စားလေး သတိဝင်လာလေ၏။



'ကျုပ် ကျင်းလီက ကြင်ယာတော်ရွေးပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ လာခဲ့တာပဲ'

ရင်ကော့ပြီး အော်ပြောလိုက်လေသည်။

ဤတွင်....

'ဟောက် ... ရိုင်းလိုက်တာ'

'စော်ကားလှချည်လား'

'ဆုံးမလိုက် ကြစမ်း'

ဝိုင်းရံထားသူရှစ်ယောက် မကျေနပ်ဖြစ်သွားပြီး ချက်ချင်း တိုက်ခိုက်လိုက်ကြလေတော့သည်။

ကျင်းလီက အမှုမထားဘဲ လက်နှစ်ဖက် ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သိုင်းသမားရှစ်ယောက်သည် ထိပ်တန်းသိုင်းသမားကြီးများ ဖြစ်ကြသည်။

သူတို့၏ ရှစ်ကွက်အင်းသိုင်းမှာ အလွန်အစွမ်းထက်သော သိုင်းကွက်ဖြစ်သည်။

တစ်ဦးစီတစ်ဦးစီ ပညာကိုယ်စီဖြင့် ထက်မြက်ကြသူများဖြစ်ကြရာ ရှစ်ယောက်ပေါင်းပြီး ရှစ်ကွက်အင်းသိုင်းကွက်ကို ဖော်ထုတ်လိုက်လျှင် ယှဉ်နိုင်သူ မရှိသလောက်ဖြစ်ရပေမည်။

ထိပ်သီးဂိုဏ်းချုပ်များသည်ပင် ရှစ်ကွက်အင်းသိုင်းကို ဂရုစိုက်ကြရသည်။

သိုင်းဂုဏ်မောက်ကာ အထင်သေးလိုက်သည်နှင့် မရှုမလှ အရေးနိမ့်သွားရမည်ဖြစ်ကြောင်း သိုင်းသမားတိုင်း သဘော ပေါက်ထားကြသည်။

ကျင်းလီကား အားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီး လုံးဝ အမှုမထားဘဲ လက်နှစ်ဖက်ကို ဖြစ်သလို ဝှေ့ယမ်းကာ ပြန်၍ တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

စုအိမ်မျက်မှောင်ကြုတ်သွားမိသည်။

'ဒီကောင်လေး ငယ်ငယ်ရွယ်ရွယ်နဲ့ သေချင်ပြီထင်တယ်'

လွှတ်ခနဲ ရေရွတ်လိုက်သည်။

နံဘေး၌ရပ်နေသောစုစု လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ဖေဖေ... သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ တော်တော်မောက်မာ တာပဲနော်။ ဘယ်သူ့မှလဲ ဂရုမစိုက်ဘူး၊ ရိုင်းစိုင်းခက်ထန်မယ့် အသွင်ရှိတယ်'

ကျင်းလီအား မနှစ်မြို့စွာ ဝေဖန်လိုက်သည်။

ထိုအချိန်မှာပင်....

'ဝုန်း....ဝုန်း'

'အား'

'အမယ်လေး'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာကြသည်။ ချူးကျန်းဂိုဏ်းမှ ထိပ်သီးသိုင်းသမားကြီးရှစ်ယောက် ရှစ်ကွက်



အင်းသိုင်းမှာ မည်သို့ ဖျက်ဆီးခံလိုက်ရသည်ကို မသိနိုင်အောင် ဝရုံဖရဲဖြစ်သွားတော့သည်။

သိုင်းသမားကြီးရှစ်ယောက်လည်း ဒယိမ်းဒယိုင်ဖြင့်နောက် ဆုတ်သွားကြသလို အဝေးသို့ လွင့်စဉ်သွားကြသူများလည်း ရှိလေသည်။

'ဟင်'

'ဟာ'

ဝုအိမ်နှင့် ချူးကျန်းဂိုဏ်းမှ ထိပ်သီးပုဂ္ဂိုလ်များ တအံ့တသြ ဖြစ်သွားကြလေသည်။

ရှစ်ကွက်အင်းသိုင်း ဖျက်ဆီးခံလိုက်ရသည်ကို မယုံနိုင်အောင်လည်း ဖြစ်သွားကြလေသည်။

'ဟား ဟား ဟား ဟား'

ကျင်းလီက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

ချူးကျန်းဂိုဏ်းအတွက် ကြောက်မက်ဖွယ် ကောင်းသော ရန်သူတစ်ယောက် ရောက်ရှိလာပြီဟု နားလည် လိုက်သော စုအိမ်က ရှေ့သို့ထွက်လိုက်သည်

'မင်း ဘယ်သူလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ချူးကျန်းတောင် ပေါ် တက်လာရသလဲ'

'ဟား ဟား ဟား'

ကျင်းလီက ထပ်မံရယ်မောလိုက်သည်။

တောင်ပိုင်းနယ်၌သာဆိုလျှင် ဝုအိမ်ကဲ့သို့ ဂိုဏ်းချုပ် တစ်ယောက်သည် သူ့ကိုတွေ့မြင်သည်နှင့် ချက်ချင်း ဂါရဝပြုရ လိမ့်မည် မဟုတ်ပါလား။

ကင်းလီကိုယ်တိုင်က ဩဇာတိက္ကမကြီးမားသူအဖြစ် ရောက်နေသည်ဖြစ်၍ အမှုမယားခြင်းကို ချူးကျန်းဂိုဏ်းသားများက မသိသဖြင့် မှောက်မှားစော်ကားသည်ဟု ထင်မှတ်သွားကြလေသည်၊

အယှမယ်လေး စုစုကိုယ်တိုင်လည်း ကင်းလီအား ရှုံ့မှုန်းတီးသွားတော့သည်။

ကျင်းလီက ဟားတိုက်ရယ်မောပြီးမှ ပြောလိုက်သည်။

'ကျုပ်က ကြင်ယာတော်ရွေးပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ လာခဲ့တာပါဗျာ၊ သူများတွေလို တန်းစီပြီး စောင့်ဆိုင်းမနေနိုင်ဘူး၊ ဒါကြောင့် တောင်ပေါ်ကို တစ်ခါတည်း တန်းတက်လာခဲ့တာပဲ'

'ကဲ.... ကျုပ် ဘယ်လိုယှဉ်ပြိုင်ရမလဲ ပြောပါ'

စုအိမ် ဒေါသထွက်နေသော်လည်း ဝါရင့်သိုင်းသမားကြီးပီပီ စိတ်ကို ချုပ်ထိန်းနိုင်လိုက်သည်။

ကျင်းလီမှာ ခေသူမဟုတ်ကြောင်းလည်း ရိပ်မိသဖြင့် အစွမ်းအစကို အကဲခတ်ရန် ဆုံးဖြတ်လိုက်သည်။

ချူးကျန်းတောင်ပေါ်သို့ ခွင့်ပြုချက်မရှိဘဲ တက်ရန်ကြိုးစားပါက မည်သူ့ကိုမျှ ခွင့်ပြုကြမည်မဟုတ်ဘဲ တားဆီးကြမည်သာဖြစ်ပါသည်။



ရန်သူအင်အား-ကြီးမားပြီး တားဆီးမရနိုင်အောင် ဖြစ်ခဲ့လျှင် တောင်ပေါ်မှ ဂိုဏ်းချုပ်နှင့် အကြီးအကဲများ သိရှိနိုင်ရန် အချက်ပြကြမည်သာ ဖြစ်သည်။

မည်သည့်အချက်ပြခြင်းမျိုးမျှ မရှိဘဲ တောင်ပေါ်သို့ ကျင်းလီ ရောက်လာခြင်းကြောင့် ချူးကျန်းတောင်တက်လမ်း တစ်လျှောက်၌ ရှိနေကြသော အစောင့်အကြပ်များသည် ကျင်းလီ တောင်ပေါ်တက်လာသည်ကို လုံးဝရိပ်မိခြင်း မရှိခဲ့ကြောင်း ထင်ရှားနေသည်။

မည်သူမျှ မသိအောင် တောင်ပေါ်သို့ တက်လာနိုင်သော ထိပ်သီးသိုင်းသမားကြီး ရှစ်ယောက်အား အနိုင်ယူနိုင်ခဲ့ခြင်းတို့ကြောင့် ကျင်းလီမှာ မခေကြောင်း ထင်ရှားနေရကာ အကဲစမ်းရန် စုအိမ် ဆုံးဖြတ်လိုက်သည်။

'မင်းဟာ ကြင်ယာတော်ရွေးပွဲဝင်မယ့်လူဆိုရင် တခြားလူတွေနဲ့ အတူ အစမ်းသပ်ခံရမှာဖြစ်တယ်'

'ကျင်းလီ လက်မခံပါချေ။

'ကျုပ်ဟာ တခြားလူတွေထက်ပိုပြီး အရည်အချင်းရှိတယ်၊ သခင်မလေးဟာ ကျုပ်နဲ့ပဲ ထိုက်တန်တယ်၊ ချူးကျန်းတောင်မှာ ရောက်နေတဲ့ ကြင်ဧကာရွေးပွဲ ဝင်မယ့်လူတွေကို ကျုပ် မောင်းထုတ်လိုက်မယ်၊ သခင်မနဲ့ ကျုပ်ကို သဘောတူမလား

တကယ့်ကို ကြမ်းတော့ ရမ်းတော့မည့်အသွင် ရှိရကာ စုအိမ် လက်ကာပြလိုက်သည်။

ကြင်ယာရွေးပွဲ ဝင်မယ့်လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်စရာမလိုပါဘူး၊ ကျုပ်က စမ်းသပ်မှုတစ်ခု ပြုလုပ်တာကို အောင်မြင်ဖို့ အဓိကပါပဲ'

'ဘယ်လိုစမ်းသပ်မှာလဲ မြန်မြန်ပြောပါ'

'ကျင်းလီက အော်ပြောလိုက်သည်၊

စုစုသည် ကျင်းလီကိုကြည့်ရင်း အလိုလို ကြောက်ရွံ့လာတော့သည်

စုအိမ်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်၊

'လွယ်ပါတယ်၊ ဟိုကျောက်တုံးကြီးပေါ်မှာ စိုက်ဝင်နေတဲ့ ဓားကို နှုတ်ယူဖို့ပါပဲ'

မြေကွက်လပ်မှ ထူးခြားသော ကျောက်တုံးကြီးအား ညွှန်ပြကာ ပြောထုက်လေသည်၊

ကျင်းလီ မျက်မှောင်ကြုတ်သွားသည်၊

'ဓားကိုဆွဲနှုတ်လိုက်ရင်း စမ်းသပ်မှုအောင်မြင်ပြီလား'

စုအိမ်း ခေါင်းညိတ်လိုက်လေသည်၊

'ဟုတ်တယ်၊ ဘယ်သူပဲဖြစ်ဖြစ် ကျောက်တုံးပေါ်က ဓားကို နှုတ်ယူနိုင်မယ်ဆိုရင် ကျုပ်ရဲ့သမီးနဲ့ လက်ဆက်ပေးမယ်လို့ ကျုပ် ဆုံးဖြတ်ထားတယ်'

'ဟား...ဟား...ဟား'

ကျင်းလီက ဟားတိုက်ရယ်မောလိုက်လေသည်၊

စုအိမ်း သက်ပြင်းချလိုက်လေသည်၊



'ကျုပ် စမ်းသပ်မယ့်ကိစ္စ၊ သိပ်ပြီးလွယ်ကူနေမယ်လို့ ထင်တယ်'

'မင်း မှားသွားလိမ့်မယ်၊ ဒီကျောက်တုံးနဲ့ဓားဟာ ချူးကျန်းတောင်ပေါ်မှာရှိနေခဲ့တာ နှစ်ပေါင်းတစ်ရာကျော်ပြီ ခုထိ ဘယ်သူကမှ နှုတ်ယူလို့ မရနိုင်ခဲ့ဘူး'

မှန်ပေသည်၊

ထိုကျောက်တုံးပေါ်၌ ထိုးစိုက်ထားသော ဓားမှာ ချူးကျန်းဂိုဏ်းအတွက် ထူးခြားသော ရာဇဝင်ရှိလေသည်၊

ချူးကျန်းဂိုဏ်း၏ဒုတိယမြောက်ဂိုဏ်းချုပ်သည် ချူးကျန်းဂိုဏ်း၏ အစွမ်းထက်ဆုံး အတွင်းပညာကို ပြသလို၍ ကျောက်လုံးကြီးပေါ်၌ အရည်အသွေးကောင်းလှသော ဓားတစ်လက်ကို ထိုးစိုက်ပြခဲ့လေသည်၊

ချူးကျန်းဂိုဏ်းအား နှောင့်ယှက်လိုသည့် ရန်သူများသည် ထိုကျောက်တုံးနှင့် ဓားကိုမြင်လျှင် ရင်မဆိုင်ဝံ့ဘဲ ဆုတ်ခွာသွားလေသည်၊

ဒုတိယမြောက်ဂိုဏ်းချုပ်ကွယ်လွန်သွားပြီးသည့်နောက်ပိုင်း ချူးကျန်းဂိုဏ်း၏သိုင်းကျမ်းတစ်စောင်၌ မတော်တဆမှုဖြစ်မှားမိပါက ချူးကျန်း အတွင်းအားကျင့်စဉ်ကျမ်း ဆုံးရှုံးခဲ့ရလေသည်၊

တတိယမြောက် ဆက်ခံသော ဂိုဏ်းချုပ်မှ သည် သတ္တမမြောက် ဂိုဏ်းချုပ်ဖြစ်သည့် စုအိမ်း၏ဆက်ထက်သို့တိုင်အောင် ဂိုဏ်းချုပ်တို့၌ ရှိသင့် ရှိထိုက်သော သိုင်းပညာရပ်အသီးသီးကို

လက်ဆက်ကမ်းအမွေဆက်ခံနိုင်ခဲ့သော်လည်း ချူးကျန်းအတွင်းအားပညာကိုမူ ဆက်ခံနိုင်ခြင်းမရှိတော့ပေ၊

ဒုတိယမြောက်ဂိုဏ်းချုပ်သည် သူ၏ အတွင်းအားကျင့်စဉ်နှင့် ပတ်သက်၍ သူ၏ ဓားပေါ်၌ ရေးသွင်းကာ မှတ်တမ်းတင်လာခဲ့သဖြင့် ထိုဓားကို ရရှိပါက ချူးကျန်းဂိုဏ်းမှ ပျက်စီးကွယ်ပျောက်သွားသော အတွင်းအားပညာကို ပြန်လည်ဖော်ထုတ်နိုင်လိမ့်မည် ဖြစ်လေသည်။

ဒုတိယမြောက်ဂိုဏ်းချုပ်က ဓားပေါ်၌ မှတ်တမ်းတင်ထားသော အတွင်းအားကျင့်စဉ်ကျမ်းသည် ပျက်စီး ကွယ်ပျောက်သွားသော ချူးကျန်း အတွင်းအား ကျင့်စဉ်ကျမ်းကိုပင် ပို၍ထက်မြက်လာစေရန် မွမ်းမံထားခြင်းဖြစ်ရကား ထိုဓားကိုရဖို့ အရေးတကြီး လိုအပ်လာလေတော့သည်။

ကျောက်တုံးကြီးပေါ်၌ စိုက်ဝင်နေသော ဓားမှာ ဒုတိယမြောက် ဂိုဏ်းချုပ်၏ဓားပင်ဖြစ်ပါတော့သည်။

'ဓားတစ်လက် လိုချင်တာများအဆန်းလုပ်လို့ဗျာ၊ ကျောက်တုံးကြီးကို ရိုက်ခွဲပစ်လိုက်ရင် ပြီးတာပဲ မဟုတ်လား'

ကျင်းလီ၏ စကားကို စုအိမ်းကလက်မခံပါချေ။

'မဖြစ်ဘူး၊ ဓားကိုဓားရိုးကကိုင်ပြီး ဆွဲထုတ်နိုင်ရမယ်'

'ဘာကြောင့် ဒီလိုလုပ်ရမှာလဲဗျ'

'ဓားသွားပေါ်မှာ ရေးထားတဲ့ သိုင်းကျမ်း ပျက်စီးသွားမှာကို စိုးရိမ်လို့ပဲ၊ ကျောက်တုံးကြီးကို ရိုက်ခွဲလိုက်လို့ပဲဖြစ်ဖြစ် ဓားကို ကျောက်သားနဲ့ ကြမ်းကြမ်းတမ်းတမ်း ပွတ်တိုက်မိလို့ပဲဖြစ်ဖြစ် သိုင်းကျမ်း ပျက်စီးသွားလိမ့်မယ်၊ ဒါကြောင့် ဓား



အိမ်ထဲက ဓားကို ထုတ်ယူပုံမျိုး ကျောက်တုံးကြီးထဲကထုတ်ယူရမယ်၊ မင်း လုပ်နိုင်ပါ့မလား'

စုအိမ်က အကျဉ်းချုံး ရှင်းပြကာ မေးလိုက်လေသည်။

ကျင်းလီနှာခေါင်းရှုံ့လိုက်သည်။

'ဘာကြောင့် မယူနိုင်ရမှာလဲ'

စုအိမ်းခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ မင်းကို အခွင့်အရေးပေးမယ်၊ ဓားကိုနုတ်ယူနိုင်တယ်ဆိုရင် ကျုပ်ရဲ့သမီးနဲ့ လက်ဆက်ပေးမယ်၊ မယူနိုင်ဘူးဆိုရင် ချူးကျန်းတောင်ပေါ်က အေးအေး ဆေးဆေး ဆင်းသွားရမယ်၊ ဘယ်သူ့ကိုမှ မနှောင့်ယှက်ရဘူး'

'ကျုပ် သဘောတူတယ်'

ကျင်းလီမှာ မိမိကိုယ်ကို ယုံကြည် စိတ်ချထားရကား ရင်ကော့ပြီး ပြောလိုက်လေသည်။

စုအိမ် လက်ဝှေ့ယမ်းပြလိုက်သည်။

'ဒါဖြင့် မင်း ကြိုးစားပေတော့'

ကျင်းလီသည် တဟားဟား ရယ်မောကာ ကျောက်တုံးကြီးပေါ်သို့ ခုန်တက်လိုက်လေတော့သည်။

## အရှုံးအနိုင်

ကျင်းလီသည် ကိုယ်ဖော့ပညာအသုံးပြုကာကျောက်တုံးကြီးပေါ်သို့ ရောက်ရှိသွားလေ၏။

စုအိမ်နှင့် ချူးကျန်းဂိုဏ်းမှ အကြီးအကဲများက စိတ်ဝင်စားစွာ ကြည့်နေကြလေ၏။

စုအိမ်အပါအဝင် ချူးကျန်းဂိုဏ်းမှ မည်သူ တစ်ဦးတစ်ယောက်ကမှ ဓားကိုနုတ်ယူနိုင်ခြင်းမရှိခဲ့ကြပါ။

ကျင်းလီကသာနုတ်ယူနိုင်မည်ဆိုလျှင် တိမ်ကောပျောက်ကွယ်သွားသော ချူးကျန်းအတွင်းအားကျင့်စဉ်ကို ပြန်လည်ရရှိလိမ့်မည် ဖြစ်လေသည်။



ချူးကျန်းဂိုဏ်းအတွက် အောင်ပွဲတစ်ရပ်ဟု ဆိုရမည် ဖြစ်သည်။

သို့ဝိုင်....

ကျင်းလီသည် အလှမယ်လေးစုစု၏ ကြင်ယာတော်ဖြစ်သွားလျှင်...

ချူးကျန်းဂိုဏ်းနှင့် ပတ်သက်လာတော့မည်ဖြစ်သလို ဘာကိုမှ အမှုမထားသော ကျင်းလီနှင့်ဆက်ဆံကြရတော့မည်ဖြစ်သည်။

စုအိမ်နှင့် ချူးကျန်းအကြီးအကဲများသည် ဝမ်းသာရမလို စိတ်ညစ်ရမလိုဖြစ်နေကြလေတော့သည်။

အလှမယ်လေး စုစုသည်လည်း မျက်နှာလေး ညိုးနေပါသည်။

'ဒုက္ခပဲ၊ ဒီလောက် ရှိင်းစိုင်းကြမ်းတမ်းတဲ့လူ၊ ဓားကိုနုတ်ယူလို့ မရပါစေနဲ့'

စိတ်ထဲမှကျိတ်ပြီး ဆုတောင်းနေမိလေ၏။

တစ်ဖန်....

'အစ်ကိုလုထင်း၊ ကြင်ယာတော်ရွေးပွဲဝင်ဖို့ လာနေပြီဆိုတာ ခုထိ ရောက်မလာသေးပါလား၊ အစ်ကိုလုထင်း မြန်မြန်လာပါတော့'

ဟူ၍ တမ်းတနေမိလေတော့သည်။

လုထင်းမှာ အလှမယ်လေးစုစုနှင့် သံယောဇဉ်တွယ်နေကြလေ လူငယ်သိုင်းသမားတစ်ယောက်ဖြစ်ပါသည်။

အတွင်းအားပညာနှင့် ပတ်သက်၍ ပြိုင်ဘက်ကင်းသည်ဟု သိုင်းလောက၌ ကျော်ကြားနေသော ထိုက်ကျိဂိုဏ်း၌ သိုင်းပညာဆည်းပူးနေသူဖြစ်သည်။

အလှမက်လေးစုစုက သိုင်းလောကသို့ အလည်အပတ်ထွက်ရင်း မမျှော်လင့်ဘဲ လုထင်းနှင့်တွေ့ဆုံမိကာ မေတ္တာမျှခဲ့ကြခြင်းဖြစ်သည်။

စုစုနှင့်လုထင်းတို့၏မေတ္တာရေးကို ဖခင်စုအိမ်က မသိဘဲကြင်ယာရွေးပွဲ စီစဉ်ခဲ့ခြင်းဖြစ်ပါတော့သည်။

ကျင်းလီသည် ကျောက်တုံးကြီးပေါ်သို့ ရောက်ရှိသွားပြီဖြစ်သည်၊

ကျောက်တုံးပေါ်၌ မားမားမတ်မတ်ရပ်ကာ စုအိမ်တို့ လူစုအားပြုံး၍ကြည့်လိုက်သည်။

တဖန် စုစုကို လှမ်းကြည့်လိုက်လေသည်၊

စုစု၏မျက်နှာလေးညှိုးနေပြီး ဒေါသဖြစ်သောမျက်လုံးများဖြင့် ကြည့်နေသည်ကို တွေ့ရသောအခါ ကျင်းလီ မျက်မှောင်ကြုတ်သွားလေသည်၊

စုစုက သူ့အား အလိုမကျဖြစ်နေမှန်းကို တဒင်္ဂ အချိန်လေးအတွင်း ရိပ်မိလိုက်သည်၊

ကျောက်တုံးကြီးပေါ်မှ ပြန်လည် ခုန်ဆင်းသွားလိုစိတ်များဖြစ်ပေါ်လာလေသည်၊

သို့သော်....



သူ၏အမည်ကြားလျှင်၊ သူ၏မျက်နှာကိုမြင်လျှင် လူတိုင်းက ပျပ်ဝပ်ရိုကျိုးရသော နယ်စားလေးတစ်ယောက်၏ မာန်မာနက ကျောက်တုံးပေါ်မှဓားကို ရအောင်နုတ်ယူဖို့ တိုက်တွန်းလိုက်လေသည်။

'ငါလိုချင်ရင် ဘာမဆိုရရမှာပေါ့'

အမြဲတမ်းအသာစီးယူခဲ့သော၊ အမြဲ အနိုင်ယူလိုသောစိတ်က လှုံ့ဆော်သွားသည်။

'ယား'

ကျင်းလီက ညာသံပေးကာ ဓားကို ဆွဲထုတ်လိုက်လေတော့သည်၊

ကျင်းလီသည် မိုးခြိမ်းသံပမာ ကျယ်လောင်သော ညာသံပေးကာ ဓားကိုဆွဲနုတ်လိုက်ချိန်တွင် အားလုံးက ရင်တထိတ်ထိတ်ဖြင့် ကြည့်နေကြသည်၊

ကျင်းလီကိုယ်တိုင် ဓားကိုထုတ်ယူနိုင်လိမ့်မည်ဟု မျှော်လင့်ထားသော်လည်း လက်တွေ့ဖြစ်မလာပါချေ။

လက်တစ်ဖက်တည်းဖြင့် ဆွဲ၍မရသောအခါ ဓားရိုးကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဆွဲသည်။

ကျောက်တုံးကိုခြေကန်ကာ ဆွဲယူသည်။ နဖူးပေါ်မှ ချွေးတဒီးဒီးကျလာသည့်တိုင် ဓားကတုတ်တုတ်မျှ မလှုပ်ပါချေ။

ကျင်းလီ၏မျက်နှာကြီး နီမြန်းလာသည်။

အင်အားကို အားကုန်ထုတ်ဖော်ကာ ဆွဲနှုတ်ယူသော်လည်းမရသဖြင့် ရှက်လည်းရှက် ဒေါသလည်း ထွက်လာတော့သည်။

သူ၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာသည်။

အနှစ်နှစ်အလလ အမိုးအကာမရှိဘဲ နေခဲ့ရသဖြင့် ကျောက်တုံးပေါ်၌ရေညှိများရှိနေရာ နယ်စားလေး၏ခန္ဓာကိုယ်ပေါ်မှ တပေါက်ပေါက်ကျဆင်းကာ ချွေးများကြောင့် ချောကျိလာတော့သည်။

ကျင်းလီ၏လက်ဖဝါးပြင် နှစ်ဖက်လုံး နီရဲပေါက်ပြဲကာ သွေးများထွက်လာပြီး ထိုသွေးများကြောင့် ချောကျိလာလေသည်။

ခြေထောက်ပါ ချောကျိလာသည်ကို အမှုမထားဘဲ ဓားကို ဆွဲယူနိုင်ဖို့ကိုသာ အားစိုက်နေခြင်းကြောင့် ရုတ်တရက် ဟန်ချက်ပျက်သွားလေသောအခါ....



'ဝုန်း'

'ဘုန်း ဘုန်း'

ကျောက်တုံးကြီး အောက်သို့ ပြုတ်ကျ သွားရလေတော့သည်။

ကျင်းလီ အရှုံးကြီးရှုံးသွားပြီဖြစ်ပါသည်။

သူ၏တကိုယ်လုံး ချွေးပြိုက်ပြိုက်စိုကာ မောဟိုက်နေတော့သည်။

လက်ဖဝါးများ ပေါက်ပြဲကာ နာကျင်နေသည်။

မျက်နှာတစ်ခုလုံး ညိုမည်းကာ လူပုံအလယ်တွင်အရှက်ကြီး ရှက်နေပြီဖြစ်လေသည်။

ကျင်းလီသည် စုစုကိုမကြည့်တော့ဘဲ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်ရန်ပင် စိတ်ကူးမိပေသည်။

ထိုစဉ်....

'ထူးဆန်းလိုက်တာ၊ ဓားကတစ်ထွာလောက် ကြွတက်လာတယ်'

လူတစ်ယောက်၏စကားသံ ထွက်ပေါ်လာသည်။

ထိုနောက်တွင်....

'ဟုတ်တယ်ဟေ့....ဓားတစ်လက်လုံး လွတ်လွတ်ကျွတ်ကျွတ် ထွက်မလာပေမယ့် အပေါ်ကိုအတော်လေး ထွက်လာတယ်'

'တစ်လက်မလောက် ထွက်လာအောင် ဘယ်သူကတတ်နိုင်ခဲ့လို့လဲ'

စသည့်စသည့် စကားသံများ ထွက်ပေါ်လာ၏။

ကျင်းလီ ဝမ်းသာသွားလေသည်။

ဓားတစ်ခုလုံး ကျွတ်ထွက်လာအောင် ဆွဲနုတ်ခြင်း မပြုနိုင်ခဲ့သော်လည်း အထိုက်အလျောက်တော့ ထုတ်ယူနိုင်ခဲ့သည်မဟုတ်ပါလား။

နယ်စားလေးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ စုအိမ်ကိုကြည့်ကာ အော်ပြောလိုက်သည်။

'ကျုပ်ကို အလှမယ်လေးနဲ့ လက်ထပ်ပေးရမယ်'

စုအိမ် ချက်ချင်းခေါင်းခါယမ်းလိုက်သည်။

'မင်းက ဓားကိုဆွဲထုတ်နိုင်ခဲ့တာမှ မဟုတ်ဘဲ'

'ဓားတစ်လက်လုံး ထွက်မလာပေမယ့် တစ်ထွာလောက် ထွက်လာအောင်တော့ ကျုပ်လုပ်နိုင်ခဲ့တာပဲ မဟုတ်လား၊ ဒီလိုမျိုးဘယ်သူကလုပ်နိုင်ခဲ့လို့လဲ'

'မဖြစ်ဘူး၊ ဓားတစ်လက်လုံး ထုတ်ယူနိုင်မှ ကျုပ်သမီးနဲ့ လက်ဆက်ပေးနိုင်မယ်'



နယ်စားလေးနှင့် စုအိမ်တို့အချေအတင် ဖြစ်လာပေသည်။

နယ်စားလေး အံကြိတ်လိုက်သည်။

'ကျုပ်တောင်းဆိုတာကို ခင်ဗျား မလိုက်လျောဘူး ဆိုရင် ချူးကျန်းတောင်ကို မီးရှို့ဖျက်ဆီးပစ်ရလိမ့်မယ်'

'ဘာ'

ချူးကျန်းဂိုဏ်းမှ အကြီးအကဲများလည်း မကျေမနပ်ဖြစ်သွားကြပြီး နယ်စားလေးအား ချက်ချင်း ဝိုင်းရံလိုက်ကြလေသည်။

'ဟား ဟား ဟား'

နယ်စားလေးက ဟားတိုက်ရယ်မောလိုက်သည်။

'ခင်ဗျားတို့ကို ကျုပ်က ကြောက်နေရမှာလား'

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာတော့မည် ဖြစ်သေသည်။

ထိုစဉ်....

'ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး လူတစ်ယောက်ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

ယောက်ျားပီသပြီး နှစ်လိုဖွယ်ကောင်းသော အပြုံးပိုင်ရှင် လုလင်တစ်ယောက် ရောက်ရှိလာသည်။

ထိုလုလင်သည် အလွန်ပေါ့ပါးသော ကိုယ်ဖော့ပညာကို အသုံးပြုကာ တောင်ပေါ်သို့ရောက်လာပြီး ခြေလှမ်းရပ်လိုက်သည်နှင့် ကျောက်တုံးကြီးပေါ်၌ ရောက်ရှိနေပြီ ဖြစ်လေတော့သည်။

'ဟင်'

'ဟာ'

'အို'

အားလုံးတအံ့တဩဖြစ်သွားကာ လုလင်အား လှမ်းကြည့်လိုက်ကြလေသည်။

အလှမယ်လေးစုစုသည်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

'အစ်ကိုလုထင်း'

သမလွတ်ခနဲ ခေါ်လိုက်သည့်အသံကို ကျင်းလီ ကြားဖြစ်အောင် ကြားလိုက်မိလေသည်။

စုစု၏မျက်နှာလေး ပြုံးရွှင်သွားသလို ဝမ်းသာပျော်ရွှင်သွားကြောင်း အထင်အရှားပေါ်လွင်နေပါတော့သည်။

ကျောက်တုံးပေါ်မှ လုလင်နှင့် စုစုတို့ အကြည့်ချင်းပြိုင်နေကြရာ သူတို့၏မျက်လုံးများတွင် ချစ်ရည်ရွှန်းလဲ့လျက် ရှိကြောင်း ကျင်းလီ သတိပြုမိလေသည်။



စုစုနှင့် လုလင်တို့ ပတ်သက်ဆက်နွယ်နေကြောင်းလည်း နားလည် သဘောပေါက်သွားတော့သည်။

လုထင်းဟုသော လုလင်သည် စုအိမ်အား ဦးညွှတ်လိုက်ပြီး ကျောက်တုံးပေါ်၌ စိုက်ဝင်နေသောဓားကို ဆုပ်ကိုင်လိုက်၏။

ဟွန့်

ကျင်းလီ နှာခေါင်းရှုံ့လိုက်လေသည်။

သူဆွဲနုတ်၍မရနိုင်ခဲ့သောဓားကို လုထင်းကနုတ်ယူဖို့ကြိုးစားနေသည် မဟုတ်ပါလား။

လုထင်းသည် ဓားရိုးကို လက်ဖြင့် ခပ်ဖွဖွ တစ်ချက်ပုတ်လိုက်သည်။

ချက်ချင်း ဆွဲနုတ်ခြင်းမပြုသေးဘဲ ချိန်ဆနေသကဲ့သို့ရှိ၏။

အားလုံးသောလူများသည် လုထင်းအား ငေးမောကြည့်နေမိကြသည်။

ရုတ်တရက်....

'ယား'

ညာသံပေးသံ ထွက်ပေါ်လာလေသည်။

လုထင်းသည် ဓားကိုဆွဲနုတ်ခြင်းမပြုဘဲ ကျောက်တုံးကို ခြေကန်ကာ လေထဲ ခုန်တက်လိုက်လေသည်။

'ဟူး'

သူ၏ခန္ဓာကိုယ်သည် အပေါ်သို့ ခပ်မြင့်မြင့်ရောက်အောင် ထိုးတက်သွားပြီးမှ အောက်ဘက်သို့ ဝါးလုံးထိုး ပြန်လည်စိုက်ဆင်း ချလိုက်လေသည်။

သူ၏ခြေထောက်နှစ်ဖက် ကျောက်တုံးကြီးကို ထိမိသည်နှင့် လက်နှစ်ဖက်ကလည်း ဓားရိုးကိုဆုပ်ကိုင်ကာ ဆွဲနုတ်ပြီးသား ဖြစ်သွားလေသည်။

'ခွမ်း'

အပေါ်မှခုန်ဆင်းလာပြီး ခြေထောက်ဖြင့် ဆောင့်ချလိုက်သော အရှိန်ကြောင့် ကျောက်တုံးကြီး အက်ရာထင်သွား၏။

ဖျပ်ခနဲ အက်ကြောင်းထင်သွားသည့် အခိုက်အတန့်မှာပင် ဓားကိုဆွဲနုတ်လိုက်ရာ ဝင်းလက်တောက်ပသော အလင်းရောင်များနှင့်အတူ ဓားသည် ကျောက်တုံးထဲမှထွက်လာပြီး လုထင်း၏ လက်ထဲ ပါလာလေတော့သည်။

'ဟော'

အားလုံး မှင်တက်မိနေပြီးမှ ဓားနုတ်ယူနိုင်ပြီ ဖြစ်ကြောင်း သတိပြုမိသွားကြပြီး ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသည်။

အားလုံးထက်ပိုပြီး ဝမ်းအသာရဆုံးသူမှာ စုစုပင် ဖြစ်ပါသည်။

စုစုက ရုတ်တရက် ထခုန်လိုက်ပြီးမှ ကျင်းလီကို သတိရကာ အလန့်တကြား လှမ်းကြည့်လိုက်လေသည်။

ထိုအခါ....



အံ့သြစရာကောင်းအောင်ပင် ကျင်းလီတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားကြောင်း တွေ့လိုက်ရတော့သည်။

စုစုမှာ မချစ်မနှစ်သက်သူနှင့် ပတ်သက်စရာမလိုတော့ပါ။ မိမိမေတ္တာသက်ဝင်နေသည့် လုထင်းနှင့် လက်ထပ်ခွင့်ရတော့မည် ဖြစ်သည်။

သူမသည် ကျင်းလီကို လျစ်လျူရှုကာ လုထင်းထံသို့ ပြေးသွားလိုက်လေတော့သည်။

## မခပြပြိုးသည်

ချူးကျန်းတောင်နှင့် မနီးမဝေးတွင် ချူးကျန်းမြို့ရှိသည်၊
ချူးကျန်းမြို့မှ တည်းခိုခန်းတစ်ခုသို့ ကျင်းလီ ရောက်ရှိ၍နေသည်၊

တည်းခိုခန်းသို့ ရောက်လာပြီး ဆယ်ရက်လုံးလုံး အခန်းအောင်း၍ နေခဲ့သည်၊

သူ၏ ဝေယျာဝစ္စကိစ္စ ဟူသမျှကို ကောင်းဖုံက ဆောင်ရွက် ပေးခဲ့ရ၏၊

ကျင်းလီက အခန်းအောင်း နေသော်လည်း အိပ်စက်ခြင်း မပြုဒချ။



စားပွဲသို့ နေ့ရောညပါ ထိုင်ကာ တွေးတောစဉ်းစားနေလေသည်၊

ကြာတော့ ကောင်းဖုံ စိုးရိမ်လာတော့သည်၊

'နယ်စားလေး'

ကောင်းဖုံက ကျင်းလီအနီးသို့ ချဉ်းကပ်သွားကာ ခေါ်လိုက်ရုံရှိသေးသည် ကျင်းလီက လက်ကာပြလိုက်သည်၊

'ကောင်းဖုံ၊ ကျုပ်တစ်ခုမေးမယ် မှန်မှန်ဖြေပါ'

ကောင်းဖုံ ဦးညွတ်လိုက်သည်၊

'ကျုပ် မလိမ်ခဲ့ပါဘူး နယ်စားလေး'

'ကောင်းပြီ၊ ခင်ဗျားဟာ ဒီကနေ့အထိ အိမ်ထောင်မပြုဘဲနေခဲ့တယ်၊ အဲဒါဘာကြောင့်လဲ'

မျှော်လင့်မထားသော မေးခွန်းဖြစ်နေ၍ ကောင်းဖုံ မည်သို့ ဖြေရမှန်းမသိ ဖြစ်သွားသည်၊

'ခင်ဗျား ဘယ်အမျိုးသမီးကိုမှ စိတ်မဝင်စားခဲ့ဘူး ဟုတ်လား'

ကောင်းဖုံ ခေါင်းညိတ်လိုက်သည်၊

'ဘာဖြစ်လို့ စိတ်မဝင်စားတာလဲ'

'ကျုပ်.... ကျုပ်....'

ကျင်းလီက ရေနွေးကြမ်းတစ်ခွက် ငှဲသောက်လိုက်သည်၊
သူ၏မျက်နှာတွင် အပြုံးရိပ်များ ဖြစ်ပေါ်လာသည်၊

'ကျုပ်ကတော့ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားမိတယ်'

ကောင်းဖုံသည် ကျင်းလီအား မျက်လုံးပြူးကာ ကြည့်နေပါသည်။

ကျင်းလီ ရူးသွပ်သွားပြီလားဟု ထင်မှတ်နေတော့သည်။
ကျင်းလီက ဆက်ပြောလိုက်သည်။
'သူ့ကို ကျုပ်က ရအောင်ယူမလို့ ဆုံးဖြတ်ထားတယ်'
'ကျုပ်....ကျုပ်ကို တစ်ခုလောက်မေးခွင့်ပြုပါ နယ်စားလေး'
ကောင်းဖုံ မဝံ့မရဲဖြင့် တောင်းပန်လိုက်သည်။
ကျင်းလီ ခေါင်းညိတ်လိုက်သည်။
'မေးပါ ဘာသိချင်လို့လဲ'

'ဟို ဟို နယ်စားလေးက ဘယ်သူ့ကိုများ စိတ်ဝင်စားနေသလဲဆိုတာ သိချင်လို့ပါ'

'ဟား ဟား ဟား'
ကျင်းလီ ရယ်မောလိုက်သည်။
တစ်ဖန်....

'ညံ့လိုက်တာဗျာ၊ ကျုပ်က ချူးကျန်းတောင်သခင်မလေးကို စိတ်ဝင်စားနေတာပေါ့၊ ဒါတောင် ခင်ဗျား မရိပ်မိဘူးလား'

ကောင်းဖုံ မျက်နှာပျက်သွားလေသည်။



ချူးကျန်းတောင် ကြင်ယာလောင်းရွေးပွဲတွင် ကျင်းလီ အရေးနိမ့်ခဲ့ကြောင်းသိထားပြီးဖြစ်သည်။

ဆယ်ရက်အတွင်း ချူးကျန်းမြို့ထဲ၌သွားလာလှုပ်ရှားခဲ့သဖြင့် အလှမယ်လေးစုစုနှင့် သူရဲကောင်းလုထင်းတို့ မင်္ဂလာသတင်းကိုလည်း ကြားသိခဲ့ရပြီးဖြစ်ပေသည်။

ကျင်းလီက စုစုကိုစွဲလမ်းနေသောအခါ...
ကောင်းဖုံ၏အတွေးကို ကျင်းလီရိပ်မိထားပါသည်။

'ကျုပ်ဟာငယ်စဉ်ကတည်းက လိုချင်တာကိုရအောင်ယူတတ်တယ်ဆိုတာခင်ဗျားသိပါတယ်၊ အခုလဲစုစုကိုကျုပ်ရအောင်ယူရလိမ့်မယ်'

သူ့၏မျက်နှာကတည်နေသလို စကားသံက ပြတ်သားလှသည်။

တစ်ဇွတ်တိုး တစ်ဇောက်ကန်းလုပ်တတ်သည့်ဥာဉ်ရှိသူပီပီဆုံးဖြတ်ပြီးသည်နှင့် ဆုံးဖြတ်ထားသည့်အတိုင်း မဖြစ်မနေပြုလုပ်တော့မည်ဖြစ်ကြောင်းထင်ရှားလေသည်။

'ကျုပ်က ဆယ်ရက်လုံးလုံး အခန်းအောင်းနေခဲ့တာ၊ စုစုကို လက်လွတ်ဆုံးရှုံးလိုက်ရလို့ ဝမ်းနည်းကြေကွဲနေမယ်၊ ဒါမှမဟုတ် အရှက်ကြီးရှက်ပြီး မျက်နှာမပြရဲအောင်ဖြစ်နေတာလို့ ခင်ဗျားထင်နေတယ်မဟုတ်လား၊ ကျုပ်ပြောမယ်၊ ကျုပ်ဘာမှ မခံစားရဘူး၊ ဘာမှလဲ မဖြစ်ဘူး၊ ကျုပ် ခုလိုငြိမ်နေတာ စုစု ကျုပ်လက်ထဲရောက်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတာအကြံထုတ်နေတာပဲ'

ကောင်းဖုံမှာနဖူးကိုလက်ဖဝါးဖြင့် ဖြန်းခနဲမြည်အောင်ရိုက်ပစ်လိုစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။

ကျင်းလီပြောသကဲ့သို့ သူထင်ခဲ့မိသည်ကား အမှန်ပင်ဖြစ်လေသည်၊

နှစ်ပေါင်းများစွာ အနီးကပ် အတူ နေထိုင်ခဲ့သည့်တိုင် ကျင်းလီ၏စိတ်သဘောအမှန်ကို ယခုတိုင် အကဲခတ်၍မရနိုင်ဘဲ ရှိနေတော့သည်၊

ကျင်းလီပြုံးလိုက်သည်၊

'ကျုပ်သတင်းကြားထားတယ်၊ လုထင်းနဲ့စုစုတို့ဟာ လက်မထပ်ခင် စုစုရဲ့ဦးရီးတော်တစ်ယောက်ဆီကိုဆွေပြမျိုးပြသွားကြလိမ့်မယ်'

ကောင်းဖုံ အံ့သြပြီးရင်းအံ့သြနေရလေသည်၊

'ဟင်....ဒီသတင်းကို နယ်စားလေး ဘယ်ကကြားရတာလဲ'

'ဟင်း....ဟင်း....ဆိုင်လုလင်က နေ့တိုင်း စားသောက်စရာလာပို့နေတာပဲ၊ ကျုပ်က သူ့ကိုမေးကြည့်တာပေါ့၊ချူးကျန်းတောင်အကြောင်းကို လူတိုင်းပြောနေကြတာပဲ မဟုတ်လား'

ကောင်းဖုံ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ် နယ်စားလေး၊ သူ့ရဲ့ကောင်းလုထင်းနဲ့အလှမယ်လေးတို့ဟာ မကြာခင် ခရီးထွက်ကြပါလိမ့်မယ်'

'ကောင်းပြီ၊ သူတို့ဘယ်နေ့ဘယ်ရက်သွားမယ်၊ ဘယ်လမ်းက သွားမယ်ဆိုတာ တိတိကျကျသိရအောင်စုံစမ်းပါ'

ကောင်းဖုံ ငိုင်သွားသည်၊



ကျင်းလီက ထိုသို့စုံစမ်းခိုင်းခြင်းမှာ လမ်းခုလတ်မှနေ၍စုစုအားကြားဖြတ်သုယူလိုခြင်းကြောင့်ဖြစ်ကြောင်း ထင်ရှားသည်မဟုတ်လား၊

မည်သို့ဆိုစေ....

ကျင်းလီ၏အမိန့်အတိုင်း တစ်သဝေမတိမ်းဆောင်ရွက်ရလိမ့်မည် ဖြစ်ပါသည်။

'စိတ်ချပါ သခင်လေး၊ ကျုပ်စုံစမ်းလိုက်ပါ့မယ်'

ကျင်းလီထိုင်ရာမှထလိုက်သည်၊ ခါးထောက်၍ ခေါင်းမော့ကာ....

'စုစုဟာ ကျုပ်လက်ထဲရောက်လာရစေရမယ်'

ကြုံးဝါးရင်း ဟားတိုက်ရယ်မောလိုက်သလေတော့သည်၊

တူရင်တောင်သည် လျှိုမြောင်စိမ့်စမ်းပေါများပြီး ရေတံခွန်ကြီးများလည်းရှိသဖြင့် အားလပ်ရက်များတွင် လာရောက်အပန်းဖြေ လည်ပတ်သူများဖြင့် စည်ကားနေလေ့ရှိသည်၊

လုထင်းနှင့်စုစုတို့သည် ဦးရီးတော်ထံသို့ ဆွေပြမျိုးပြလာကြရင်း တူရင်တောင်သို့ ဝင်ရောက်လည်ပတ်ကြလေသည်၊

အေးမြသော လေပြည်လေညှင်းလေး ဝှေယမ်းတိုက်ခတ်နေသည်၊

ငွားငွားစွင့်စွင့် ဖူးပွင့်နေသော ရောင်စုံပန်းကလေးများ၏ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များသည် လေပြည်နှင့်အတူ လွင့်ပျံ့လာသည်၊

သစ်ပင်များ စိမ်းလန်းနေသလို ရေတံခွန်များက တဝေါဝေါမြည်ကာ စီးကျနေလေသည်၊

အရောင်အသွေးစုံလင်လှသော ငှက်ကလေးများသည်လည်း ဘာသာဘာဝ တေးသီချင်းသီကြွေးကာ ဟိုမှသည် ပျံဝဲနေကြလေသည်၊

လုထင်းနှင့်စုစုတို့သည် တူရင်တောင်၏ သဘာဝအလှအပများကို ကြည့်ရှုခံစားရင်း ပျော်ရွှင်နေကြလေသည်၊

လုထင်းသည် လှပချောမောလွန်းသောစုစုကို ရှိန်းရှိန်းစားစားကြည့်ရင်း မေးလိုက်လေသည်၊

'ညီမ အစ်ကိုနဲ့အတူ ခုလိုလျှောက်လည်ရတာ ပျော်တယ်မဟုတ်လား ဟင်'

စုစု ပြုံးလိုက်သည်၊

'ဘယ်လိုပြောလိုက်တာလဲ အစ်ကိုရယ်ပျော်တာပေါ့၊ ချူးကျန်းတောင်ပေါ်ကို အစ်ကိုသာအချိန်မီ ရောက်မလာဘူးဆိုရင် ပျော်နိုင်တော့မှာ မဟုတ်ဘဲ ငိုပွဲဆင်နေရမှာ သေချာပတယ်'



သူမသည် ချူးကျန်းတောင်ပေါ်မှ အဖြစ်အပျက်ကိုမမေ့နိုင်တဲရှိနေပုံရလေသည်၊

လုထင်းက စုစု၏လက်ဖဝါးကို အသာအယာဆုပ်ကိုင်လိုက်သည်၊

'ညီမရယ်၊ ဒီကိစ္စတွေပြီးဆုံးသွားပါပြီ၊ မေ့ပစ်လိုက်တော့နော်'

စုစု သက်ပြင်းချလိုက်သည်၊

'ကျွန်မ မေ့ပစ်လိုက်ချင်ပါတယ်၊ ဒါပေမယ့် ကျင်းလီဆိုတဲ့လူကိုကြောက်နေမိတယ်၊ သူဟာလွယ်လွယ်နဲ့ လက်လျှော့မယ့်လူစားမျိုးမဟုတ်ဘူး'

'အစ်ကိုတစ်ယောက်လုံး ညီမရှေ့ဘေးမှာရှိနေပြီပဲ၊ သူ ဘာတတ်နိုင်မှာမို့လဲ'

'ကျင်းလီမှာ တဇွတ်ထိုးတဇောက်ကန်းလုပ်မယ့်လူစားမျိုး၊ သူ့ကိုပေါ့ပေါ့တန်တန် သဘောထားလို့မဖြစ်ဘူး၊ ကျွန်မတို့ကို တစ်နည်းမဟုတ်တစ်နည်း ဒုက္ခပေးမှာကိုစိုးရိမ်ရတယ်၊ ကျွန်မတို့....'

သူမစကားဆုံးအောင် မပြောလိုက်ရပါချေ၊ မလှမ်းမကမ်းမှစူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်၊

'ကယ်တော်မူကြပါ'

မမျှော်လင့်ဘဲ ကြားလိုက်ရသောအသံကြောင့် လုထင်းနှင့် စုစုတို့ ရင်ထိတ်သွားကြလေသည်၊

'တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီ'

'ဟုတ်တယ် အစ်ကို'

'လာ သွားကြည့်ရအောင်၊ ကူညီနိုင်ရင်လဲ ကူညီရတာ ပေါ့'

'ကောင်းပါပြီရှင်'

နှစ်ယောက်သားအော်ဟစ်သံထွက်ပေါ်လာရာဆီသို့ဦးတည် ပြေးလွှားသွားလိုက်ကြလေသည်၊

အော်သံသည် ရေတံခွန်တစ်ခုအနီးမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်၊

စုစုတို့ရောက်ရှိသွားသောအခါ ရေတံခွန်မှ စီးကျလာသော ရေများက ချောင်းကလေးအဖြစ်ဆက်၍ စီးဆင်းသွားပြီး ထို ချောင်းကလေးအတွင်း၌လူတစ်ယောက် ရေနစ်နေသည်ကို တွေ့ လိုက်ရလေသည်၊

'ကယ်တော်မူကြပါ'

ရေနစ်သူသည်ချောင်းရေထဲမြုပ်လိုက်ပေါ်လိုက် ယက်ကန် ယက်ကန်ဖြစ်ကာ အော်ဟစ်အကူအညီတောင်းနေ၏။

စုစုထိတ်လန့်သွားသည်။



'လူတစ်ယောက် ရေနစ်နေပါလား၊ ဒုက္ခပါပဲ'

လုထင်းလည်း မနေသာတော့ပါ။

'ညီမ ဘာမှမစိုးရိမ်နဲ့အစ်ကို ဆင်းကယ်လိုက်မယ်'

ပြောပြောဆိုဆို ရေထဲသို့ ဝုန်းခနဲခုန်ချသွားလေသည်၊

ရေတံခွန်မှစီးကျလာသော ရေအရှိန်ကြောင့် ချောင်းရေ မှာ လျင်မြန်စွာ စီးဆင်းနေလေသည်၊

'ကယ်တော်မူကြပါ'

ရေနစ်နေသူက သနားစဖွယ် အကူအညီတောင်းနေသည်။

'သတ္တိထား ကျုပ်လာကယ်မယ်'

လုထင်းချောင်းထဲခုန်ဆင်းကာ ထိုလူထံသို့ ကူးခတ်သွား သည်၊

ရေစီးအရှိန်ဖြင့် နှစ်ယောက်သား ချောင်းလေ့ကာအောက် ဘက်သို့ တဖြည်းဖြည်း မျောပါသွားကြသည်၊

လုထင်းက အားစိုက်ကူးခတ်လိုက်လျှင် ရေနစ်နေသူအနီး သို့ရောက်ရှိသွားတော့သည်၊

ထိုလူမှာ ရေထဲမြုပ်လိုက်ပေါ်လိုက် ဖြစ်နေရာမှ လူထင်း အနီးသို့ရောက်လာသည်ကိုမြင်လျှင် အားတက် သွားလေသည်။

လူထင်းက ထိုလူအား လှမ်းဆွဲလိုက်သည်။

ထိုလူကလည်း လူထင်းအား အတင်းဆွဲလှဲတော့သည်။

ရေနစ်သူသည် ကောက်ရိုးတစ်မျှင်ကိုပင် အားကိုးတကြီး ဆွဲလိုက်မလေ့ရှိကြောင်း ဆိုစမှတ်ရှိသည်မဟုတ်လား။

လူထင်းက ကယ်တင်ဖို့ ကြိုးစားနေဆဲမှာပင် ထိုသူသည် အတင်းဖက်တွယ်နေသဖြင့် ရေထဲ၌ ဝရုန်းသုန်းကား ဖြစ်သွားကာ နှစ်ယောက်စလုံး ရေအောက်သို့ မြုပ်သွား ကြတော့သည်။

လူထင်း အခက်ကြုံသွား၏။

ရေနစ်သူကို ကယ်ရင်း ကိုယ်ကိုင်ရေနစ်မလိုဖြစ်ရပြီ မဟုတ်လား။ နှစ်ယောက်သား ရေအောက်သို့ ရောက်သွားလျှင် ထိုလူသည် လက်တစ်ဖက်က လူထင်း၏အင်္ကျီကိုဆွဲထားပြီး ကျန်လက်တစ်ဖက်က လည်ပင်းကိုသိုင်းဖက်ထားရာ ရေပေါ်သို့ပြန် မတက်နိုင်သည့်အပြင် ရေအောက်သို့ တမင်ဆွဲနှစ်နေသည်နှင့် ပင် တူနေပါတော့သည်။

ထိုလူ၏ ခွန်အား အလွန်သန်မာနေပြီး ရေထဲ၌ ကျင်လည် စွာနေနိုင်သူဖြစ်ကြောင်း လူထင်း တဖြည်းဖြည်း သိလာရလေ သည်။



ထိုမျှမကသေး၊ ထိုလူက အင်္ကျီအား ဆွဲထားသည့်လက်ကို လွှတ်ကာ ဓားမြှောင်တစ်ချောင်းဖြင့် ထိုးသွင်းတိုက်ခိုက်လာ လေသောအခါ ရေနစ်သူဟန်ဆောင်ပြီး မိမိအား လုပ်ကြံရန် ကြိုးစားခြင်းဖြစ်ကြောင်း လူထင်း ကောင်းစွာ သိလိုက်ရလေ တော့သည်

လူထင်းသည် အသက်အောင့်ထားလိုက်ပြီး ထိုလူ၏ ဓား ကိုင်သားသော လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်သည်၊

လူချင်းဝင်ပူးပြီး ထိုလူ၏လက်ကိုလိမ်ချိုးလိုက်လျှင် ဓား မြှောင်သည် ထိုလူ၏ရင်ဝ၌ ပြန်၍လည် စိုက်ဝင်သွားလေတော့ သည်။

ရေထဲတွင် နီရဲသောသွေးများ ထွက်ပေါ်လာသည်။

ချက်ကောင်း ထိသွားသဖြင့် ထိုသူ၏လှုပ်ရှားမှုမှာ နှေး ကွေးသွားသလို လူထင်းအားဆွဲထားသောလက်လည်း ပြေ လျော့သွား၏။

လူထင်းက တွန်းထုတ်လိုက်လျှင် ခြေကားရား လက်ကား ရားဖြင့် ရေအောက်သို့ တဖြည်းဖြည်း ကျဆင်းသွားလေတော့ သည်။

အသက်ဘေးမှ လွတ်မြောက်သည်နှင့် လူထင်းကရေပေါ် သို့ ထိုးတက်လိုက်သည်။

ရေပေါ် ဘွားခနဲပေါ်လာပြီး ရေကူးကျွမ်းကျင်မှုကြောင့် ကမ်းစပ်သို့ တစ်ခဏအတွင်း ရောက်သွားလေသည်။

လုထင်း ကုန်းပေါ်ပြန်ရောက်လာသောအခါ....

'ဟာ....'

စုံစုံမှာ ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြီ ဖြစ်ကြောင်း တွေ့လိုက်ရတော့သည်။

## မင်းနဲ့ငါ

စုစု သတိရလှာသောအခါ အခန်းကျဉ်း တစ်ခုအတွင်း၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရသဖြင့် အံ့ဩ သွားလေသည်။

'ဟင် ငါ ဘယ်ရောက်ပါလိမ့်'

သူမသည် ခုံတင်တစ်လုံးပေါ်၌ လဲလျောင်းနေသည်မို့ ကပျာကယာလူးလှိမ့်ထလိုက်သည်။

သူမသည် တုရှင်တောင်သို့ သွားရောက် လည်ပတ်ရင်း ချောင်းထဲ၌ ရေနစ်နေသူ တစ်ယောက်ကို တွေ့သဖြင့် လုထင်းအား ဆယ်ယူပေးပွဲတိုက်တွန်းခဲ့သည်။

လုထင်း ရေထဲ ဆင်းဆယ်နေစဉ် ကုန်းပေါ်မှနေ၍စောင့် ကြည့်နေခဲ့၏။

လုထင်းတို့ ရေထဲ စုန်ံစုန်းမြုပ်သွားသဖြင့် ကြောက်လန့်တကြား ရှိနေစဉ် ရုတ်တရက် ဦးခေါင်းထဲ မိုက်ခနဲဖြစ်သွားကာ သတိလစ်သွားခဲ့ရလေ၏။

သူမ သတိ ပြန်ရလာသောအခါ အခန်းကျဉ်းလေးတစ်ခု အတွင်း၌ ရောက်ရှိနေသည်မှာ အဘယ်ကြောင့်ပါနည်း။

'အစ်ကိုလုထင်း....အစ်ကိုလုထင်း'

စုစု အထိတ်တလန့်ခေါ်လိုက်လေသည်။

ထိုစဉ်...

'လုထင်းဘာ ခုလောက်ဆိုရင်ငရဲပြည်ကိုရောက်နေလောက်ပါပြီလေ'

အခန်းထောင့်တစ်နေရာမှ စကားသံထွက်ပေါ်လာသည်ကို ကြားရပေသည်။

စုစု ကပျာကယာ လှည့်ကြည့်လိုက်ရာ သူမအား ပြုံး၍ ကြည့်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုသူ၏ မျက်နှာကို သေသေချာချာတွေ့မြင်လိုက်ရလျှင် စုစု မျက်လုံးပြူးသွားလေတော့သည်။

'ဟင်....ရှင် ရှင် ကျင်းလီ'

ထိုလူမှာ ကျင်းလီ ဖြစ်လေသည်။

ကျင်းလီ ရယ်မောလိုက်သည်။

'မင်းက ငါ့ကို မှတ်မိနေတာ ငါသိပ်ဝမ်းသာတာပဲ'



'ရှင် ရှင် လူယုတ်မာ'

ကျင်းလီ ခေါင်းခါယမ်းလိုက်ပေသည်။

'ကျုပ်ဟာ လူယုတ်မာတစ်ယောက်မဟုတ်ပါဘူး၊ သိချင်တဲ့ အရာကို ရအောင်ယူတတ်တဲ့ လူတစ်ယောက်ပါ'

စုစု ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ကျင်းလီ၏ လက်ထဲ ရောက်နေရပြီဖြစ်၍ ဒုက္ခရောက်ရလိမ့်မည်ဟု တွေးတောင့်မိမလိုဖြစ်သွားလေသည်။

ကျင်းလီက ရှေ့တိုးလာသည်။

'မင်းကို ငါ တောင်ပိုင်းခေါ်သွားမယ်၊ ပြီးရင် ခမ်းခမ်းနားနား လက်ထပ်ယူမယ်၊ မင်း ဘာမှမပူပါနဲ့၊ ငါက မင်းကို လိုလေသေးမရှိ အစစအရာရာပြည့်စုံအောင် ထားနိုင်ပါတယ်'

'ရှင် လူယုတ်မာ'

စုစုသည် ကြောက်ရွံ့စိတ်နှင့် ဒေါသပေါင်းကာ ကျင်းလီအား တိုက်ခိုက်လိုက်လေသည်။

ချူးကျုံနံ့ဂိုဏ်းချုပ်၏သမီးဖြစ်သည့်အတိုင်း သူမ၏ သိုင်းပညာ မခေပါချေ။

သူမ၏ လက်ဝါးသည် ကျင်းလီ၏ ရင်ဝသို့ ရိုက်ချမိလိုက်သည်။

'ဘုဇ်'

ကျင်းလီ ခေါင်းခါယမ်းလိုက်ပြ သည်၊

'မင်းဟာ အတွင်းအားနဲ့ သိုင်းပညာကို အသုံးပြုနိုင်မယ် ဆိုရင် အခုရိုက်ချလိုက်တဲ့ လက်ဝါးတစ်ချက်တည်းနဲ့ ကျုပ် သေသွားလောက်ပြီပေါ့'

ယခုမှ မိမိ၏ တစ်ကိုယ်လုံး ခွန်အားများ ကုန်ခန်းကာ နာလံထ လူမမာအလား ရှိနေသည်ကို စုစု သတိပြုမိလိုက်လေသည်။

'မင်းကို ကျုပ်နဲ့အတူ ခေါ်သွားလို့ ရအောင် လမ်းမှာ ထွက်မပြေးနိုင်အောင် ဆေးအစ်လုံး တိုက်ထားလို့ဂ ၊ စိတ်ချ မင်း မှဲ့တစ်ပေါက် မစွန်းစေရဘူးလို့ ကျုပ် အာမခံပါတယ်'

မိမိသည် ကျင်းလီ၏လက်ထဲမှ ထွက်ပြေး လွတ်မြောက်နိုင် တော့မည် မဟုတ်ကြောင်း နားလည်မိလျှင် သူမသည် ချုံးပွဲချ ငိုကြွေးလိုက်တော့သည်။

ကျင်းလီ ပခုံးတွန့်လိုက်သည်၊

'မင်းဟာ ပြုံးနေတဲ့အချိန်သာမက ဒေါသဖြစ်နေတဲ့အချိန် ကော ငိုကြွေးနေတဲ့ အချိန်မှာပါ အတော်ချစ်စရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ပါပဲ၊ ကဲ.... ငိုမနေပါနဲ့တော့၊ မင်း ငိုနေလို့ကော ဘာထူးမှာလဲ၊ ကျုပ်က သနားတတ်တဲ့ လူတစ် ယောက်မှ မဟုတ်တာ'



စုစု၏ငိုရှိုက်သံ ချက်ချင်းသိတ်သွားလေ၏။

ကျင်းလီအား ဒေါသတကြီး အော်ဟစ် ရန်တွေ့လိုက်လေသည်၊

နေဝန်းနီမှာ အနောက်ဘက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွား တော့မည် ဖြစ်လေသည်၊

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်တောက်ပနေသည်၊

အိပ်တန်းပြန်ငှက်များအသံတစာစာပေးကာ ပျံသန်းသွားကြ လေသည်၊

နေဝင်ဆည်းဆာအချိန်သည် လွမ်းမောဖွယ် ကောင်းလှပေ သည်၊

ကျင်းလီသည် သစ်ပင်ရိပ်အောက်မှနေ၍ အဝေးသို့ မျှော် ကြည့်နေ၏၊

တစ်စုံတစ်ယောက်အား စောင့်မျှော်နေခြင်းဖြစ်ကြောင်း ထင်ရှားလေ၏၊

ကျင်းလီက ကောင်းပုံအား စောင့်မျှော်နေခြင်း ဖြစ်ပါ သည်။

စုစုအား လက်ရဖမ်းဆီးခဲ့ရာတွင် ကောင်းဖုံက ရေနစ်သူဟန်ဆောင်ကာ လုထင်းအား လှည့်စားရန် တာဝန်ယူခဲ့လေ၏။

ယခု....

စုစုအား ဖမ်းဆီးလာနိုင်ခဲ့ပြီဖြစ်သော်လည်း ကောင်းဖုံမှာ ပြန်ရောက်မလာသေးပါ။

ရောက်ချိန်တန်ပါလျက် ပြန်ရောက်မလာခြင်းသည်။

ကျင်းလီ သက်ပြင်းချလိုက်သည်။

'လုထင်းဟာ ခေတ္တလူမဟုတ်ဘူးလို့ကျုပ်ပြောခဲ့တာ ခင်ဗျားမှ မယုံဘဲကိုး'

ကောင်းဖုံ မည်သို့ ပြုလုပ်လိမ့်မည်ဟု တွက်ဆကာ ညည်းတွားလိုက်သည်။

ကျင်းလီနှင့်စုစုတို့နှစ်ယောက်ကြား၌ လုထင်းသည် အဟန့်အတားဖြစ်နေကြောင်း ကောင်းဖုံသိထားလေသည်။

ထို့ကြောင့်....

ချောင်းထဲ၌ အခွင့်အရေးရသည်နှင့် လုထင်းအားလုပ်ကြံဖို့ ကြိုးစားပေလိမ့်မည်။

ထိုသို့ မကြံစည်ရန် သူက အသေအချာ မှာလိုက်သေးသည်။

ကောင်းဖုံ ပြန်ရောက်မလာတော့သဖြင့် သူ၏စကားကို ကောင်းဖုံ နားမထောင်ခဲ့ကြောင်း သူ ရိပ်မိလိုက်ခြင်းဖြစ်လေသည်။



နှစ်ပေါင်းများစွာ လက်ပွန်းတတီးနေခဲ့သည့် သစ္စာရှိ လူယုံတော် ကောင်းဖုံအား ဘယ်သောအခါမှ ပြန်တွေ့ရတော့မည် မဟုတ်ပါ။

ကျင်းလီ မျက်နှာတစ်ချက်ပျက်သွားပြီး ချက်ချင်း ပြန်ပြင်လိုက်သည်။

ကောင်းဆင့်ပေါ် ခေါင်းမော့လိုက်သောအခါ ငှက်တစ်အုပ်က အသံစာစာပေးကာ ပျံသန်းသွားသည်ကို တွေ့ရသည်။

သူ၏မျက်လုံးများ ရီဝေနေသည်။

အိမ်ပြန်ရန်ဆုံးဖြတ်လိုက်လေသည်။

❖

'ခွပ် ခွပ် ခွပ်'

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေလေသည်။

မြင်းလှည်းတစ်စီးသည် စင်ကျန်ခရိုင်မှ တောင်ပိုင်းနယ်သို့ သွားသည့် လမ်းမကြီးဆီသို့ ဦးတည်ကာ ခရီးနှင်နေလေသည်။

မြင်းလှည်းမောင်းလာသူမှာ ကျင်းလီဖြစ်ပါသည်။

တောင်ပိုင်းနယ်စားလေး ကျင်းလီက ပေါင်းနှမ်းအိုမင်းနေသော မြင်းလှည်းတစ်စီးကို ကိုယ်တိုင် မောင်းနှင်နေသည်ဆိုလျှင် မည်သူ ယုံနိုင်ပါမည်နည်း။

ကျင်းလီကား သာမင် မြင်းလှည်းအိုတစ်စီးကို ဝယ်ယူကာ ကိုယ်တိုင် မောင်းနှင်လာခဲ့ခြင်းဖြစ်သည်။

မြင်းလှည်းအိမ်ထဲ၌ စုစုပါသည်။

မည်သူ့ကိုမှ အမှုမထားသော ကျင်းလီသည် ကောင်းဖုံ့ ပြန်မရောက်လာတော့သည့်နောက်ပိုင်း လုထင်းကို သတိပြုနေရသည်။

လုထင်း၏အစွမ်းကို ချူးကျန်းတောင်ပေါ်၌ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည် မဟုတ်ပါလား။

လုထင်းနှင့် ချူးကျန်းဂိုဏ်းသားများသည် စုစုအား မြေလှန်ရှာဖွေကြလိမ့်မည်ဖြစ်ရာ တောင်ပိုင်းသို့အပြန်ခရီး၌ မလိုလားအပ်သော ပြဿနာများ မပေါ်ပေါက်လာစေရန် မြင်းလှည်းအိမ်ထဲ၌ စုစုအားဝှက်ကာ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါတော့သည်။

ကျင်းလီက မြင်းလှည်းကို ဂရုစိုက်ကာ မောင်းနှင်နေစဉ်မှာပင်....

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

မြင်းလှည်းအိမ်ကို ထုနှက်သောအသံများ ပေါ်လာလေသည်။



ကျင်းလီက မြင်းလှည်းကို ရပ်တန့်လိုက်သည်။

'ဘာဖြစ်လို့လဲဟော'

အော်မေးလိုက်သောအခါ စုစု၏အသံ ထွက်ပေါ်လာလေသည်။

'ကျွန်မ ရေဆာတယ်'

ကျင်းလီ ပခုံးတွန့်လိုက်သည်။

'ရမယ်၊ ရမယ်'

ချက်ချင်းပင် မြင်းလှည်းပေါ်မှခုန်ဆင်းကာ တံခါးဖွင့်ပေးလိုက်သည်။ အသင့်ဆောင်ထားသော ရေဘူးကို ပေးလိုက်လေသည်။

စုစုက ရေဘူးကို မော့သောက်လိုက်သောအခါ ရေတစ်စက်မှ ထွက်ကျမလာပါချေ။

'ရေကုန်နေပြီ'

'ဟာ'

'ကျွန်မ ရေငတ်လို့ သေတော့မယ်ရှင့်'

သောက်ရေမရှိတော့မှ စုစုက သောက်ရေကို အငမ်းမရ တောင်းနေသောကြောင့် ကျင်းလီ စိတ်ပျက်သွားလေသည်။

သို့သော်....

'ကောင်းပြီလေ၊ မင်းရေသောက်ချင်ရင် သောက်ကိုသောက်ရမယ်၊ ခဏစောင့်၊ ကျုပ် ရေသွားရှာလိုက်ဦးမယ်'

ကျင်းလီက ရေဘူးကိုင်ကာ ထွက်လာခဲ့လေသည်။

စုစုကြောင့် သူကိုယ်တိုင်လည်း ရေတော်သလို ဖြစ်လာပါသည်။

အတော်ကလေးသွားပြီးမှ....

'သူက ရေသောက်ချင်တယ် အကြောင်းပြုပြီး ထွက်ပြေးဖို့ အကွက်ဆင်တာ ဆိုရင်ကော....

တွေးရင်း ခေါင်းငုံ့ကြည့်လိုက်သည်၊

ကျင်းလီ တွေးထင်သည့်အတိုင်းပင် စုစုသည်မြင်းလှည်းပေါ်မှဆင်းကာ ဒယီးဒယိုင်ဖြင့် တောအုပ်ထဲ ဝင်ပြေးသွားသည်ကို တွေ့ရလေသည်၊

ကျင်းလီ ဒေါပွသွားသည်။

'မပြေးနဲ့'

အော်ဟေါက်ရင်း ကပျာကယာ ပြေးလိုက်သွားသည်၊

တောအုပ်ထဲ၌ သစ်ပင်ချုံနွယ်များ ထူထပ်လှသဖြင့် စုစုံအား ရုတ်တရက် ရှာမတွေ့ချေ၊

သူမလွတ်မြောက်သွားလျှင်ဟူသော အတွေးဖြင့် ကျင်းလီ ခေါင်းနပန်းကြီးနေစဉ်မှာပင် မလှမ်းမကမ်းမှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'မိန်းကလေး ဘယ်လိုဖြစ်လာတာလဲ'

'ကျွန်မကို ကယ်ပါရှင်၊ ကျွန်မကို လူတစ်ယောက်က အဓမ္မဖမ်းခေါ်လာလို့ပါ'

'ဟင်.... ဘယ်သူလဲ၊ ဘယ်မှာလဲ'

ကျင်းလီ ခေါင်းကုတ်ပြီး စကားပြောသံများ ထွက်ပေါ်လာရာဆီသို့ လှမ်းသွားလိုက်သည်၊



မကြာပါချေ၊ ထင်းခုတ်သမား ဖြစ်ဟန်ရှိသော လူ နှစ်ယောက်အား အကူအညီတောင်းနေသည့် စုစုကို တွေ့လိုက်ရလေသည်။

'ဟော သူတို့လာပြီ'

စုစုက အော်လိုက်သဖြင့် ထင်းခုတ်သမားနှစ်ယောက်က ကျင်းလီအား ရန်လိုသောအကြည့်ဖြင့် ကြည့်လာကြလေသည်၊

ကျင်းလီ ပြုံးလိုက်သည်၊

'နောင်ကြီးတို့က ကျုပ်ရဲ့ဇနီးကို တွေ့ထားကြတာကိုး၊ သူ သိပ်ပြီးမကျန်းမာလို့ ဆေးကုဖို့ခေါ်လာခဲ့တာ သူက စိတ်သိပ်မနှံ့တော့ လမ်းမှာထွက်ပြေးဖို့ ကြိုးစားတယ်လေ'

'ဘာ....ဘာပြောတယ်'

သူမအား စိတ်မနှံ့ပါဟုပြော၍ စုစု ဒေါပွသွားလေတော့သည်၊

'လာပါဗျာ တို့သွားရအောင်၊ သူတစ်ပါးကို ဒုက္ခမပေးပါနဲ့၊ ကျင်းလီက ရယ်ရယ်မောမောဖြင့် စုစု၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

စုစု အော်ဟစ်ရုန်းကန်ရန် တန်ပြင်လိုက်သော်လည်း တစ်စုံတစ်ခုသော အတွေးကြောင့် မရုန်းဖြစ်တော့ချေ၊

သူမသည် ကျင်းလီလက်မှ ပြေး၍လွတ်မည် မဟုတ်ပါ၊

ထင်းခုတ်သမား နှစ်ယောက်သည်လည်း သူမအား ကယ်တင်နိုင်ကြမည် မဟုတ်ပါ၊

သူမ အတူအညီတောင်းသဖြင့် ကူညီရန်ကြိုးစားကြလျှင် ကျင်းလီ၏လက်ချက်ဖြင့် သေဆုံးသွားကြလိမ့်မည်ဖြစ်သည်။

သူမအတွက် အပြစ်ရှိသူနှစ်ယောက် သေဆုံးသွားမည်ကို မလိုလားသဖြင့် ငြိမ်နေလိုက်ခြင်း ဖြစ်ပါတော့သည်။

ကျင်းလီသည် စုစုအားဆွဲခေါ်သွားပြီး တောအုပ်အပြင်ဘက်သို့ရောက်လျှင် မျက်နှာထားတင်းတင်းဖြင့် ခအော်ခေါ်လိုက်လေသည်။

'မင်းကြောင့် ကျုပ်အပေါ်သစ္စာရှိတဲ့ လူတစ်ယောက်ကို ဆုံးရှုံးလိုက်ရပြီ၊ နောက်တစ်ခါ ထွက်ပြေးဖို့ကြိုးစားရင် ကျုပ်အဆိုးမဆိုနဲ့'

စုစုက ခေါင်းငုံ့ခံမနေပါ။

'ကျွန်မကြောင့်လား၊ ရှင့်ကြောင့်လား ကိုယ့်ဘာသာ ပြန်ပြီး စဉ်းစားကြည့်စမ်းပါ'

'မင်း'

'ရှင်သာ မတရားမလုပ်ဘဲနေခဲ့ရင် ဘာမှဖြစ်စရာ အကြောင်း မရှိဘူးရှင့်'

'မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

စုစု ရင်ကော့လိုက်လေသည်။

'ကျွန်မကို သတ်ပစ်ချင်တယ်ဆိုရင် သတ်ပစ်လိုက်စမ်းပါ၊ ကျွန်မ ကြောက်မယ်များမှတ်သလား'



ကျင်းလီက သူမအား မျက်လုံးပြူးကာ ကြည့်လိုက်သည်၊ ထို့နောက်....

'ဟား....ဟား....ဟား'

အူလှိုက်သည်းလှိုက် ရယ်မောလိုက်လေသည်။

စုစု ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ရှင်....ရှင် ဘာရယ်တာလဲ၊ သဘောကျလို့လေ'

'ဘာရှင့်'

ကျင်းလီက ဦးခေါင်းတညိတ်ညိတ်ဖြင့် ပြောလေသည်။

'ကျုပ် တကယ်ပြောတာ ခုမှ မင်းကို ပိုပြီးသဘောကျလာမိတယ်'

စုစု မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။

ကျင်းလီက သူမ၏လက်မောင်းကို လွှတ်ပေးလိုက်သည်။

'ကဲ....ကျုပ်နဲ့ အေးအေးဆေးဆေးလိုက်ခဲ့၊ ဟုတ်ပြီလား'

မြင်းလှည်းရှိရာသို့ လှမ်းသွားရန်ဟန်ပြင်လိုက်စဉ် ထူးခြားသောမြင်းကွင်းတစ်ခုကြောင့် ခြေလှမ်း တုံ့ခနဲရပ်သွားရလေသည်။

မသိသည့်အချိန်က ရောက်ရှိနေမှန်းမသိ၊ မြင်းလှည်းအနီးတွင် မြင်းစီးသမားသုံးယောက် ရှိနေပြီး စစ်ဆေးကြည့်ရှုနေသည်ကိုတွေ့ရ၏။

ကျောင်းလီမှာ ပြဿနာမဖြစ်လို၍ စုစု၏လက်ကိုဆွဲကာ တော အုပ်ထဲဝင်ရန် ဟန်ပြင်လိုက်စဉ်....

'ဂ.ယ်တော်မူကြပါရှင်'

စုစုက စူးဝါးစွာ အော်ဟစ်လိုက်လေတော့သည်။

၏အော်ဟစ်သံ ထွက်ပေါ်လာသဖြင့် ကျောင်းလီ၏အကြံ ပျက်ပြားရလေသည်။

မြင်းစီးသမား သုံးယောက်လည်း ချက်ချင်းပင် အနီးသို့ ရောက်ရှိလာကြလေသည်။

ထိုလူများသည် ထင်းခုတ်သမားများကဲ့သို့ မဟုတ်ကြဘဲ လက်နက်ကိုယ်စီ ဆောင်ထားကြသော သိုင်းသမားများဖြစ်နေ ကြပါသည်။

သိုင်းသမားသုံးယောက်သည် စုစုကို ချက်ချင်းမှတ်မိသွား ကြလေသည်။

'သခင်မလေးပါလား'

ချူးကျန်းဂိုဏ်းချုပ်ကြီးက သခင်မလေးကို ဝိုင်းဝန်းရှာဖွေ ပေးဖို့ စင်ကျန်းခရိုင်တစ်ခုလုံးက သိုင်းလောကသားတွေကို



အကူအညီတောင်းထားတာနဲ့ ကျုပ်တို့လဲ ကူညီရှာဖွေပေးနေ တာ၊ခုလိုတွေ့ရတာ ကံကောင်းတာပဲ'

ဖိုဖိုအား တွေ့လိုက်သဖြင့် ဝမ်းသာနေကြလေသည်။

နယ်စားလေး သက်ပြင်းချလိုက်သည်။

'ကံကောင်းတာ မဟုတ်ဘူး၊ ကံဆိုးတာ'

'ဘာ'

သိုင်းသမားသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ သည်။

'ကျွန်မကို သူအဓမ္မခေါ်လာတာပဲ'

စုစုက အော်လိုက်လေသည်။

နယ်စားလေး၏မျက်နှာ ခက်ထန် တင်းမာသွားလေတော့ သည်။

စုစု၏လက်မောင်းကိုဆုပ်ကိုင်ကာ ခေါ်သွားလေသည်။

'လွှတ်....ကျွန်မကို လွှတ်'

စုစုက ရုန်းသော်လည်း မလွတ်မြောက်နိုင်ဘဲ နယ်စားလေး ခေါ်ဆောင်ရာသို့ ပါသွားလေသည်။

'ရပ်လိုက်'

သိုင်းသမားသုံးယောက် ဟန့်တားလိုက်ကြသည်။

ဒေါးများကို တချွမ်းချွမ်း မြည်အောင် ဆွဲထုတ်လိုက်ကြတော့သည်။

နယ်စားလေး လုံးဝဂရုမစိုက်ချေ။

'သိကြသေးတာပေါ့'

သိုင်းသမားသုံးယောက် ညာသံပေးကာ ခြေး၀င်တိုက်ခိုက်လာကြလေသည်။

နယ်စားလေးက နောက်လှည့်မကြည့်ဘဲ လက်ဝှေ့ယမ်းလိုက်သည်။

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ မြေပေါ်လဲကျသွားကြတော့သည်။

နယ်စားလေး၏ အံ့မခန်းသိုင်းစွမ်းကို မြင်လျှင် စုစုထိတ်လန့်သွားသည်။

'ရှင်....ရှင် သူတို့ကိုသတ်ပစ်လိုက်ပြီ ဟုတ်လား၊ တော်တော်ရက်စက်ပါလား'

နယ်စားလေး နှာခေါင်းရှုံ့လိုက်လေသည်။

'သူတို့သေသွားတာ မဟုတ်ဘူး၊ သတိ လစ်နေကြတာမကြာခင် သတိပြန်ရလာကြလိမ့်မယ်၊ အေး....မင်းက ဆက်ပြီး



အော်ဟစ်နေမယ်၊ တွေ့တဲ့လူတိုင်းကို အကူအညီ တောင်းနေမယ်ဆိုရင်တော့ ကျုပ်လူသတ်မိလိမ့်မယ်၊ လာ...သွားကြမယ်'

စုစု ဘာမှမတတ်နိုင်တော့ဘဲ နယ်စားလေး ခေါ်ရာသို့လိုက်ပါသွားရပြန်လေတော့သည်။

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ တဖြည်းဖြည်းတိုးတိတ်သွားသည်။

ကျင်းလီ မောင်းနှင်သွားသောမြင်းလှည်းများ အဝေးသို့ရောက်ရှိသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ထိုအခါ သစ်ပင်များကြားမှ အနက်ရောင် ဝတ်ဆင်ထားသူလေးယောက် ထွက်ပေါ်လာကြလေသည်။

သူတို့သည် ကျင်းလီတို့ ထွက်ခွာသွားရာဘက်သို့ လှမ်းမျှော်ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

တစ်ယောက်က စကားစလိုက်သည်

'အတော်ကို အံ့သြစရာကောင်းတယ်၊ နယ်စားလေးဘာတွေလျှောက်လုပ်နေသလဲမသိဘူး'

'တောင်ပိုင်းမှာမဟုတ်ဘဲ စင်းကျန်ခရိုင်ထဲမှာမို့ တော်သေးတယ်'

နောက် တခြားတစ်ယောက်ကပြောလေသည်၊

နောက်တစ်ယောက်ကမူ....

'ဘယ်ဘာဆက်လုပ်ကြမလဲ'

ဇဝေဇဝါဖြင့် ပြောသည်၊

စတုတ္ထလူက ခေါင်းခါယမ်းလိုက်သည်၊

'ဘာမှ စဉ်းစားရာမလိုဘူး၊ တို့တာဝန်က နယ်စားလေးတေးမသိရန်မခအောင်စောင့်ရှောက်ဖို့ပဲ၊ နယ်စားလေးနောက်ကို လိုက်သွားမယ်'

ကျန်သုံးယောက်လည်း သဘောတူလိုက်ကြသည်။

ထို့နောက်....

ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလွှားထွက်ခွာသွားကြတော့သည်၊

## အပူငြိမ်းမယ့်လူ

စုံစု ပျောက်ဆုံးသွားသည်မှာ ရက်အတန်ကြာပြီဖြစ်သော်လည်း လုံးဝရှာမတွေ့နိုင်ခဲ့ချေ၊

စုံစု မည်သည့်နေရာသို့ရောက်ရှိနေပါသနည်း။

လုထင်းမှာ သူမအတွက် စိုးရိမ်ပူပန်နေရတော့သည်၊

'ညီမလေးစုစုံဟာ ချူးကျန်းတောင်မှာ လာပြီးသောင်းကျန်းသွားတဲ့ ကျင်းလီဆိုတဲ့လူကို စိုးရွံ့နေတယ်၊ သူထင်ထားတဲ့အတိုင်း ကျင်းလီက ဖမ်းခေါ်သွားတာများလား'

လုံထင်း တွေးတောငေးမောနေစဉ်အဝေးမှ ပလွေသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

သူလှုပ်လှုပ်ရှားရှားဖြစ်သွားရလေသည်။

ထိုပလွေသံ၏ တေးသွားအလိုက်သည် စုစု နှစ်သက်မြတ်နိုးစွာ တီးမှုတ်လေ့ရှိသော ပလွေသံစဉ် ဖြစ်နေသည် မဟုတ်ပါလား။

လှထင်းသည် ပလွေသံထွက်ပေါ်လာရာဆီသို့ လျင်မြန်စွာ ပြေးသွားလိုက်သည်။

'ဟူး....ဟူး....'

သူက တရိပ်ရိပ်ပြေးလွှားလာရာ မကြာခင် မြက်ခင်းပြင်တစ်ခုသို့ ရောက်ရှိလာလေသည်။

ပလွေသံသည် မြက်ခင်းပြင်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

သူ ခြေလှမ်းရပ်၍ လှမ်းကြည့်လိုက်သောအခါ မြက်ခင်းပြင်အတွင်း၌ လူတစ်ယောက်ထိုင်ကာ ပလွေမှုတ်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပြီး ငြိမ်သြောင်းသာယာသော ပလွေသံထွက်ပေါ်နေသည်ကို ရင်ထဲနွေးသွားစေနိုင်လောက်ပေသည်။

'ညီမ'



လှထင်း ဝမ်းသာအားရခေါ်လိုက်လေသည်။

သို့သော်....

ပလွေရှင်မှာ စုစုမဟုတ်မှန်းလည်း ချက်ချင်း သိလိုက်သည်။

ပလွေရှင်သည် မီးခိုးရောင်အဝတ်အစား ဝတ်ဆင်ထားပြီး အနားဝိုင်းကြီးသော ခမောက်တစ်လုံးကို ဆောင်းထားလေသည်။

လှုပ်ရှားခုနသော စိတ်အစဉ်ကို ထိန်းချုပ်ရင်း ထပ်မေးလိုက်သည်။

'မင်း ဘယ်သူလဲ'

သူ၏အသံမှာ တုန်ယင်အက်ကွဲကာ လှိုက်သံပါနေပါသည်။

ပလွေသံ တဖြည်းဖြည်း တိတ်ဆိတ် ကွယ်ပျောက်သွားလေသည်။

ပလွေရှစ်သည် မြက်ခင်းပြင်ပေါ်၌ ထရပ်လာလေသည်။

'ချစ်ခြင်းမေတ္တာတရားတေးသွားလိုက်ပလွေသံဟာအတော်ကို သာယာပျော်ဖွယ်ကောင်းပါတယ်ဗျာ၊ တစ်ခါကြားလိုက်ရရင် နားထဲမှာ တစ်သက်စွဲလှမ်းသွားစေနိုင်လောက်တဲ့ တေးသွားအလိုက်ပါပဲ၊ ကျုပ်ရဲ့ပလွေသံ နားထောင်လို့ ကောင်းရဲ့လားဗျာ'

လှထင်း ခေါင်းညိတ်လိုက်လေသည်။

'နားထောင်လို့ ကောင်းပါတယ်ဗျာ၊ ဒါထက် မိတ်ဆွေက ဘယ်သူများလဲ ပြောပါဦး၊ ဘာကြောင့် ဒီနေရာလာပြီး ပလွေမှုတ်နေရတာလဲဗျာ'

ပလွေရှင် ရယ်မောလိုက်သည်။

'ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ချစ်သူကို လွမ်းလို့ပေါ့ဗျာ'

'ဟင်'

'ကျုပ်ရဲ့ ချစ်သူဟာ ကျုပ်ဘဝထဲက မမျှော်လင့်ဘဲပျောက်ဆုံးသွားခဲ့တော့ ကျုပ်က ပလွေသံပေးပြီး လိုက်ရှာနေရတာပါဗျာ'

'မင်း....မင်း'

လုထင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပေသည်။

ပလွေရှင်က ဆက်ပြောလေသည်။

'ချစ်သူနဲ့ ကွေကွင်းရခြင်းဟာ အတော်ကို ဆိုးဝါးတဲ့ ဒုက္ခတစ်မျိုးပါဗျာ၊ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းရတာဟာလဲ ဆိုးဝါးတဲ့ ဒုက္ခပါပဲ'

လုထင်း ဒေါသထွက်လာသည်။

ပလွေရှင်သည် သူ၏အကြောင်း သိထားပြီး လာခနဲ့နေသည်ဟု ယူဆသွားလေသည်။

'ယက်စသတ်တော့ မင်းက ငါ့ကိုဒုက္ခပေးဖို့ လာခဲ့တာကိုး သိကြသေးတာပေါ့'

စကားဆုံးလျှင် တိုက်ခိုက်ရန် လျှပ်တစ်ပြက် ခုန်ဝင်သွားလေသည်။



'ဟူး'

လုထင်းသည် ပလွေရှင်အနီးသို့ ရိပ်ခနဲ ရောက်ရှိသွားပြီး လက်တစ်ဘက်ကို ဆန့်ထုတ်လိုက်လေသည်။

ဆက်လက်တိုက်ခိုက်လိုက်မည်ဆိုလျှင် ပလွေရှင်မှာပြင်းထန်စွာ တိုက်ခိုက်ခြင်းခံရမည်ဖြစ်လေသည်။

သို့သော်....

လုထင်းသည် မည်သို့စိတ်သဘောပြောင်းလဲသွားမှန်းမသိ လက်ဝါးကို ရုပ်သိမ်းကာ တိုက်ခိုက်ခြင်း မပြုဘဲ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ပလွေရှင်က မတုန်မလှုပ် မလှုပ်မယှက်ရပ်နေပါသည်။

လုထင်းက....

'မင်း ဘယ်သူလဲ'

ပလွေရှင် ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူးဗျာ၊ ကျုပ်ဟာ ခင်ဗျားကို ကူညီဖို့လာခဲ့တဲ့လူလစ်ယောလို့ဆိုတာနားလည်ထားရင် တော်ပါပြီ'

'ကျုပ်ကို ကူညီမယ့်လူ ဟုတ်လား'

'ဟုတ်ပါတယ်'

လုထင်း မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်ကို ဘယ်လိုကူညီမှာလဲ ပြောစမ်းပါဦး'

'ကျုပ်ဟာ ခင်ဗျားရဲ့ ပူပင်သောကတွေကို ဝိုင်းကူပြီး ငြိမ်းပေးနိုင်ပါတယ်'

'ဖြေ'

'အထူးသဖြင့် မေတ္တာတရားနဲ့ပတ်သက်လို့ပေါ့ဗျာ'

လှထင်း ပြုံးလိုက်သည်။

'ခင်ဗျားဟာ အလှမယ်လေး စုစုအကြောင်းကို သိထားမယ်လို့ ကျုပ်ယုံကြည်တယ် ဟုတ်ရဲ့လားဗျာ'

'ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်သိတာက ချစ်သူနဲ့ကွေကွင်းရလို့ မခွဲဆွးသော ရောက်နေတဲ့ မိန်းကလေးဟာ အင်မတန်ညြဇာ အရှိန်အဝါကြီးပြီး ရက်စက် ကြမ်းကြုတ်တဲ့သူ တစ်ယောက်ရဲ့လက်ထဲရောက်နေတယ်ဆိုတာပဲ'

လှထင်း ပင့်သက်ရှိုက်လိုက်သည်။

'ဘယ်သူ့လက်ထဲရောက်နေတာလဲ'

'နောက်တော့ သိလာမှာပေါ့ဗျာ၊ အရေးကြီးတာက ချစ်သူနဲ့ကွေကွင်းနေတဲ့ မိန်းမလှလေး ခုလောလောဆယ်အချိန် ဘယ်နေရာမှာ ရောက်နေတယ်ဆိုတာကို သိရဖို့ပဲမဟုတ်လား'

လှထင်း ခေါင်းညိတ်လိုက်သည်။

'ဒါအမှန်ပဲလားဗျာ'



ပလွေရှင်က ဆက်ပြောလေသည်။

'အလှမယ်လေးဟာ စင်ကျန်ခရိုင်နဲ့ တောင်ပိုင်း နယ်ကို ဆက်သွယ် ဖောက်လုပ်ထားတဲ့ လမ်းမကြီးတစ်နေရာက ခရီးလမ်းဆုံမြို့ကလေးတစ်မြို့မှာရောက်နေတယ်'

လှထင်း လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

'ခရီးလမ်းဆုံမြို့တွေက အများကြီးပဲ၊ ဘယ်မြို့မှာ ရောက်နေတယ်ဆိုတာ ပြောဦးမှပေါ့ဗျာ'

'တိန်ဝက်ဆိုတဲ့မြို့ကလေးမှာရောက်နေတာပါ'

လှထင်း အနည်းငယ်စဉ်းစားပြီး မေးလိုက်သည်။

'သူတို့တောင်ပိုင်းနယ်ကို ခေါ်သွားမယ့်သဘောဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျား အမြန်ဆုံးလိုက်သွားတာ အကောင်းဆုံးပဲ၊ နောက်ကျသွားရင် အခွင့်အရေး ဆုံးရှုံးသွားလိမ့်မယ်၊ အချိန်ဖြုန်းမနေပါနဲ့ဗျာ'

လှထင်း မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်လိုက်သွားချင်ပါတယ်၊ ဒါပေမယ့် အလှမယ်လေး ခင်ပြောတဲ့နေရာမှာ မရှိဘူးဆိုရင်ကော'

'ဖြစ်လို့မရှိရမှာလဲ'

'မင်းလိမ်ပြောရင်ရော့လေ'

'ဟား ဟား ဟား'

ပလွေရှင်က ရယ်မောကာ ပလွေကိုင်ထားသော လက်ကို ဝှေ့ယမ်းလိုက်လေသည်။

ပလွေပေါက်ကလေးများကို လေတိုးလိုက်သဖြင့် ဟူးခနဲ မြည်သံတစ်ချက် ထွက်ပေါ်လာလေသည်။

'ကျုပ်က လိမ်ပြောချင်မှတော့ သည်လောက်တောင် ဝီရိယ စရာမသုံးပါဘူး၊ ဘာမှမပြောဘဲ လက်ပိုက်ကြည့်နေလို့လဲ ဖြစ်တာပဲမဟုတ်လား'

သူ၏ စကားသဘာဝကျကြောင်း ကောင်းလုထင်း ဆင်ခြင်မိလိုက်သည်၊

ပလေ့ရှင် ဆက်ပြောလိုက်သည်။

'အလှမယ်လေးဟာ နေမကောင်းဖြစ်နေတယ်၊ သမားတော်ကြီး တစ်ယောက်ဆီမှာ ဆေးကုနေရတယ်'

'ဘာ....ဘာပြောတယ်'

'သူနေမကောင်းဖြစ်နေလို့သာ တိန့်ဖွက်မြို့မှာ ခုချိန်ထိရှိနေသေးတာ၊ နေသာတောင်းရင် တောင်ပိုင်းကို ရောက်သွားလောက်ပြီပေါ့၊ ခင်ဗျားအချိန်မဖြုန်းဘဲ မြန်မြန်လိုက်သွားသင့်တယ်'

လုထင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေလည်း၊

'မိတ်ဆွေ ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ် ခုလို သတင်းပေးတဲ့အတွက် ကျေးဇူးတင်ပါဗျာ၊ ကျုပ်ကိုခွင့်ပြုပါဦး'

'ကောင်းပါပြီဗျာ'

လုထင်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ချာခနဲလှည့်ကာ တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

ပလေ့ရှင်က လုထင်း မြင်ကွင်းမှ ပျောက်ကွယ် သွားသည်အထိ ငေးကြည့်နေလိုက်လေသည်၊

ထိုပလေ့ရှင်ကား အခြားမဟုတ်ပါ၊



ကျင်းလီအား အလှမယ်လေး စုစုထံသို့ မရောက်ရောက်အောင် တွန်းပို့ပေးခဲ့သော လှေ့ငယ်ရှင်ပင် ဖြစ်နေပါသည်၊

ပလေ့ရှင် (ခ) လှေ့ငယ်ရှင်သည် ကျင်းလီအား ကူညီခဲ့သလို လုထင်းကိုလည်း ကူညီနေသည်။

ရန်သူပမာ ရှိနေသူ နှစ်ယောက်စလုံးအား ကူညီနေခြင်းကြောင့် မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ပြုကျင့်သူဟု ဆိုနိုင်သည်။

လှေ့ငယ်ရှင်မှာ မည်သူဖြစ်ပါသနည်း။

အဘယ်ကြောင့် ပြဿနာကြီးတစ်ရပ် ပေါ်ပေါက်လာစေရန် ဖန်တီးနေပါသနည်း။

အကြောင်းတစ်ခုခုတော့ ရှိနေမည်မဟုတ်ပါလား။

မေတ္တာ

---

တိန့်ဝှက်မြို့

တိန့်ဝှက်မြို့သည် စည်ကားသိုက်မြိုက်သော လမ်းဆုံး မြို့တစ်မြို့ဖြစ်လေသည်။

သမားတော် ဝူစန်းသည် တိန့်ဝှက်မြို့မှ နာမည်အကြီးဆုံး သမားတော်တစ်ယောက် ဖြစ်လေသည်။

ရောဂါဝေဒနာ ခံစားရသူများသည် သမားတော်ကြီး ဝူစန်းကိုအား အားကိုးအားထားပြုကြပြီး တိန့်ဝှက်မြို့မှသာမက ဘဲရပ်ဝေးမှပါ လာရောက်ဆေးကုသကြခြင်းကြောင့် မအားမလပ်နိုင်အောင် ဖြစ်ရသည်။

နေ့မိုးဆောင်း သုံးရာသီစလုံး အားလပ်မှုမရှိသော သမား



တော်ကြီး ဝူစန်းသည် ယခုရက်ပိုင်းအတွင်း၌ နေမကောင်းဖြစ်နေသည်ဟုဆိုကာ ဆေးမကုဘဲ နေခဲ့လေသည်။

သမားတော်ကြီးကိုယ်တိုင် နေထိုင်မကောင်း ဖြစ်သည်ဆိုခြင်းမှာ ရယ်စရာကောင်းသည်ဟု ဆိုကြမည်ဖြစ်သည်။

သမားတော်သည်လည်း လူသားတစ်ယောက်ပင် မဟုတ်လား

သမားတော် ဝူစန်းနေမကောင်းသဖြင့် ဆေးကုသမှုမပြုနိုင်တော့ဘဲ ခြံဝင်းတံခါးကိုပိတ်ကာ အနားယူနေခဲ့တော့သည်။

အမှန်တော့....

ကျန်းမာရေးကို အထူးလေ့လာ လိုက်စားသော သမားတော် ဝူစန်းနေထိုင်မကောင်းဖြစ်ရသည်ဆိုသော ကိစ္စ၏နောက်ကွယ်၌ လျှို့ဝှက်ချက်တစ်ခု ရှိနေပါတော့သည်။

သမားတော်ဝူစန်း နေမကောင်း ဖြစ်နေခြင်း မဟုတ်ပါ။ စိတ်မကောင်းဖြစ်နေခြင်းပင်။

သူ၏ခြံဝင်းအတွင်းသို့ ဆေးကုသမည့်သူနှစ်ယောက်ရောက်ရှိလာပြီး သူ၏ခြံဝင်းရှေ့သို့ ကိုပါ အပိုင်စီးထားလိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

သမားတော်ဝူစန်းထံသို့ ရောက်လာသူနှစ်ယောက်မှာ ကျင်းလီနှင့်စုစုတို့ ဖြစ်ပေသည်။

စုစုံသည် ခရီးကြမ်းနှင်လာရခြင်းကြောင့် လည်းကောင်း၊ စိတ်သောကရောက်လာရခြင်းကြောင့်လည်းကောင်း၊ အအိပ်ပျက်၊အစားပျက်ဖြစ်ရခြင်းကြောင့်လည်းကောင်း၊ သမ်းခရီး၌ အပျင်းဖျားနေလေတော့သည်။

ကျောင်းလီမှာ စုစုအားလျစ်လျူရှုမထားနိုင်တော့ဘဲ သမားတော်လိုက်ရှာရင်း သူရောက်ရှိနေသောနေရာနှင့် အနီးဆုံးရှိ-တိန့်ဝှက်မြို့မှ သမားတော်ဝူစန်းထံသို့ ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။

ကျောင်းလီ၏ထုံးစံအတိုင်း သမားတော်ဝူစန်းအား အခြားသူများကိုဆေးကုသခွင့်မပြုတော့ဘဲ အကျပ်ကိုင်ခဲ့သည်။

စုစုကိုသာ တစ်ချိန်လုံးအနီးကပ်စောင့်ကြပ် ကုသပေးစေသည်။

ကျောင်းလီက ငွေကိုပုံပေးသည်။သူ၏စကားကို နားမထောင်လျှင် အသက်အန္တရာယ် ထိခိုက်စေမည်ဟု ခြိမ်းခြောက်လိုက်လေသည်။

ကျောင်းလီက သမားတော်ထံသို့ ရောက်လာစဉ်က သမားတော်က လက်ခံတွေ့ဆုံခဲ့သည်။

ကျောင်းလီသည် သမားတော်ဝူစန်းရှေ့၌ ငွေကိုပုံပေးလိုက်သည်။



စားမြှောင်တစ်လက် ချလိုက်သည်။

'ခင်ဗျားကြိုက်တာကို ရွေးယူပါဗျာ'

ရိုးရိုးရှင်းရှင်း ပြောခဲ့လေသည်။

သမားတော်သည် စုစုအားအထူးဂရုစိုက်ကာ ကုသပေးခဲ့လေသည်။

ထို့ကြောင့် စုစုံ၏ဝေဒနာ တစ်စထက်တစ်စ သက်သာလာလေတော့သည်။

စိတ်ညစ်နေသော သမားတော်သည် မျက်မှောင်ကြုတ်ကာ ကြည့်နေသည့် ကျောင်းလီကိုမြင်လျှင် ချက်ချင်း ပြုံးပြလိုက်ရလေသည်။

ဟန်ဆောင် ပြုံးလိုက်ရသည်ဖြစ်၍ သူ၏အပြုံးထား ပွင့်ပြင့်ခြင်းတော့မရှိပါချေ။

'အခြေအနေ ဘယ်လိုလဲ'

ကျောင်းလီက အေးတိအေးစက်မေးသည်။

သမားတော်ဝူစန်းက ရှင်းပြနေသည်။

'ဘာမှစိုးရိမ်စရာ မရှိတော့ပါဘူး၊ အတော့ကို ထူထူထောင်

ထောင်ဖြစ်လာပါပြီ၊ နောက် သုံးလေးရက်လောက် အနားယူပြီး ဆေးမှန်မှန် သောက်လိုက်တာနဲ့ လူကောင်းပကတိ ဖြစ်သွားမှာပါ'

ထိုအခါ မှ ကျင်းလီ၏မျက်နှာ ကြည်ကြည်လင်လင်ဖြစ်သွားလေသည်။

'သမားတော်ကြီးရဲ့ ကျေးဇူးကို တစ်နေ့ကျရင် ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါဦးမယ်ဗျာ'

ချက်ချင်းပင် စုစုနှင့်သွားရောက်တွေ့ဆုံလိုက်သည်။

စုစုမှာ ခုတင်ပေါ်၌ လဲလျောင်းနေပြီး သူမ၏ ကိုယ်ပေါ်တွင် စောင်အစ်ထည် လွှမ်းခြုံထားလေသည်။

'ညီမ သက်သာတယ် မဟုတ်လား ဟင်'

နယ်စားလေး မေးလိုက်သောအခါ စုစုကအရွဲ့တိုက်ကာ ပြောလိုက်လေသည်။

'သက်သာတယ်ဟုတ်လား၊ ကျွန်မ သေသွားတော့မယ်လို့ သမားတော် မပြောဘူးလား'

'မပြောဘူး၊ နောက်သုံးလေးရက်လောက်ဆိုရင် မင်းလုံးဝနေကောင်းသွားပြီး ခရီးဆက်လို့ရပြီလို့ပြောတယ်'



ကျင်းလီက မင်သေသေဖြင့် ပြောလေသည်။

စုစု ဒေါသအိုး ပေါက်ကွဲသွားလေသည်။

'လူယုတ်မာ'

သူမသည် ခုတင်ပေါ်မှ ဝုန်းခနဲ ခုန်ထလာပြီး ကျင်းလီအား ပါးရိုက်ချလိုက်လေသည်။

'ဖြန်း'

နယ်စားလေးပါးပြင်နီရဲသွားလေသည်။

စုစုက....

'ရှင့်နောက်ကို မလိုက်ဘူး၊ ကျွန်မကိုယ်ကျွန်မ အဆုံးစီရင်ပစ်လိုက်မယ်'

သူမသည် သူရူးတစ်ယောက်ပမာ ရှိနေပါတော့သည်။

ကျင်းလီက သူမ၏လက်နှစ်ဖက်ကို ဆတ်ခနဲ ဖမ်းချုပ်လိုက်သည်။

မျက်နှာချင်းနီးကပ်သွားသည်အထိ သူမကိုဆွဲယူလိုက်လေသည်။

အစိမ်းရောင်သမ်းနေသော ကျင်းလီ၏မျက်လုံးများကြောင့် စုစုထိတ်လန့်သွားလေသည်။

ကျင်းလီက သွားကြားလေသံဖြင့် ပြောလေသည်။

'ငါ့ကို ပါးရိုက်ဖို့ ကိုယ်အိလက်ရောက်စော်ကားဖို့မပြောနဲ့ မော်ကြည့်တဲ့လူ မရှိဘူး၊ မင်းက ငါလို လူကို ပါးရိုက်ခဲ့တာ အတော်အရုပ်ဆိုးတာပဲ၊ မင်းနောက်မှာ တခြားလူဆိုရင် ဆွေ ခုနစ်ဆက် မျိုး ခုနစ်ဆက်သေဒဏ် အဖြစ်ပေးခံရမယ်ဆိုတာမှတ်ထား၊ ငါက မင်းကို ချစ်လွန်းလို့သည်းခံလိုက်မယ်၊ ကောင်းပြီ ငါ့နောက်ကို မလိုက်ချင်ဘူးမဟုတ်လား'

စုစု၏ရင်ထဲ ခွန်အားသတ္တိများပြန်ဝင်လာသည်။

'မလိုက်ဘူး၊ ရှင်လို လူယုတ်မာကို သတ်ပစ်ဖို့တောင် ကောင်းသေးတယ်၊ ဆွေစဉ် ခုနစ်ဆက် သေဒဏ်ပေးဦးမယ်တဲ့ ရှင်က ဘာမို့လဲ၊ ကျွန်မကို ခုချက်ချင်းလွှတ်ပေး'

ကျင်းလီ မဲ့ပြုံး ပြုံးလိုက်သည်။

'စိတ်ချ၊ မင်းကို ငါလွှတ်ပေးမယ်၊ ဒါပေမယ့် ငါမလွှတ်ပေးချင်ဘူးဆိုရင် ဘယ်သူမှ တားလို့ရမှာမဟုတ်ဘူး၊ ငါ မင်းကို လွှတ်ပေးမယ်ဆိုတာ မင်းစိတ်ဆင်းရဲနေရတာကို မကြည့်ရက်လို့ မင်းကို ချစ်လွန်းလို့ဆိုတာ မှတ်ထားပါ'

စုံစုသည် ကျင်းလီအား မယုံနိုင်စွာ ကြည့်နေမိလေသည်။ သူမ၏ဘဝတွင် ကျင်းလီကဲ့သို့ ထူးဆန်းသူမျိုး မတွေ့ခဲ့ဖူးပေ....။



ကျင်းလီသည် ဖမ်းတုန်းက ဖမ်းခေါ်လာပြီး ယခု လွှတ်ပေးတော့မည်ဖြစ်သည်။

စုစု ဝမ်းသာနေစဉ်မှာပင်....

အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

(ပထမပိုင်းပြီး၏။)